WWW.DHAMMARANSI.COM

ဆရာကြီးဦးသန်း၏ အတ္ထုပ္ပတ္တိ

ဆရာကြီးဦးသန်းသည် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်ကြီးရွာ ဇာတိဖြစ်သည်။ အဖဦးလွန်းမောင်၊ အမိ ဒေါ်သိန်းရွှေတို့က ၁၂၀၁- ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅-ရက် (၇ - ၄ -၁၉၂၀)နေ့တွင် ဖွားမြင်သည်။

ဆရာကြီးသည် ၁၉၃၆ - ၃၇ - ခုနှစ်၊ ၉- တန်းကျောင်းသား ဘဝက သီတင်းကျွတ်ကျောင်းပိတ်ချိန်တွင် ပျော်ဘွယ်ကြီးရွာ၊ ရွှေကျင်အနောက်ကျောင်း၌ ဝိပဿနာ ၇-ရက် တရားစခန်းကို ဝင်ရောက်အားထုတ်ခဲ့သည်။ ထိုတရားစခန်းတွင် ဆရာကြီးဦးအောင်မြတ်တရားပြသသည်။ ရံဖန်ရံခါလည်း ဆရာသက်ကြီးကိုယ်တိုင် ဝင်ရောက် တရားပြသသည်။

ဆရာသက်ကြီးကွယ်လွန်ပြီးနောက် ထိုတရားစခန်းတွင် ၁၃၃၇-ခုနှစ်မှ စ၍ ၃-နှစ်တိတိ ယောဂီတို့အား ကျွေးမွေးစရိတ် အကုန်ကျခံကာ သာသနာပြုလျက် ကိုယ်တိုင်လည်း တရားအားထုတ်ခဲ့သည်။

၁၃၀၀ပြည့်နှစ်တွင် ဒလပြို့နယ်၊ သမ္မတကမ်းခြေကျောင်းတိုက်၌ရိပ်သာ ဆောက်လုပ်၍ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုရိပ်သာကျောင်းတိုက်တွင် ဆရာသက်ကြီး၏ ကမ္မဋ္ဌာန်း နည်းပြ စဉ်ဆက် မှ နောက်ဆုံးဖြစ်သော ဆရာတော်ဦးကောဝိဒ၏ တာဝန်ပေးချက်အရ နှစ်စဉ် တစ်နှစ်လျှင် ၃-ကြိမ် တရားစခန်းများ ဖွင့်လှစ်၍ ဆရာသက်ကြီး နည်းအတိုင်း တရားပြလျက် ရှိသည်။ ယခုအခါ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၌လည်း တရားပြလျက်ရှိသည်။ မြန်မာပြည်အရပ်ရပ်တွင်လည်း တရားစခန်းများ ဖွင့်လှစ်၍ တရားပြလျက်ရှိသည်။ ဆရာကြီးအား နိုင်ငံတော်အစိုးရက ၂၀၀၀ပြည့်နှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ချီးမြှင့်ခဲ့သည်။

မွေဒါနအလှူရှင်
(ဦးလျှိတွပ်)၊ ဒေါ်ကွိုးဝါ၊ သား ကိုကျော်နိုင် ဇမ္ဗူအောင်ပွဲရဲ့၊ ဘုရင့်နောင်။

အရှင်ဇနကာဘိဝံသ(ပုဂံ)၏ ၃၅-နှစ် မုဆယ်ရတုမင်္ဂလာ

လယ်တီမှူး
အနာဂါမ်ဆရာသက်ကြီး၏တပည့်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဆရာကြီးဦးသန်း
ဝိပဿနာကျင့်စဉ် တရားတော်များ



စီစဉ်တည်းဖြတ်သူ
အရှင်ဇနကာဘိဝံသ (ပုဂံ)
ကမ္မဋ္ဌာနာစရိယ
ရတနာမဉ္ဇူဓမ္မရိပ်သာ

WWW.DHAMMARANSI.COM

လယ်တီမူ
အနာဂါမ်ဆရာသက်ကြီး၏တပည့်
မဟာသဒ္ဓမ္မဇောတိကဓဇ

ဆရာကြီးဦးသန့်း

ဝိပဿနာကျင့်စဉ် တရားတော်များ



စီစဉ်တည်းဖြတ်သူ
အရှင်ဇေယျာနန္ဒ(ပဉ်)
ကမ္မဌာနာစရိယ
ရတနာမဉ္ဇူဓမ္မရိပ်သာ

သာသနာ	ကောဇာ	ခရစ်
၂၅၄၆	၁၃၆၄	၂၀၀၂

WWW.DHAMMARANSI.COM

စာမူခွင့်ပြုချက် ၄၉၀/၂၀၀၂ (၉)

အုပ်ခွင့်ပြုချက် ၄၇၇/၂၀၀၂ (၉)

ပထမအကြိမ် ၂၀၀၂-ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ ၁၀၀၀

တန်ဖိုး ဓမ္မဒါန

မျက်နှာဖုံးဒီဇိုင်း 21st Century

ထုတ်ဝေသူ ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ်-၂၊ ဆုန်း ၁-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးသက်ဝင်း (ဝင်ငင်ငင်)
ဝင်းဝင်းမြတ်အောဖ်ဆက်၊
၈၈၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။



အဂ္ဂမဟာပဏ္ဍိတ၊ စာပေပါရဂူ
ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး
ဘဒ္ဒန္တဉာဏဓဇ (၁၈၄၆-၁၉၂၃)

WWW.DHAMMARANSI.COM

အနာဂါမ်ဆရာသမက်ကြီး
(၁၈၇၃-၁၉၄၅)

WWW.DHAMMARANSI.COM

မဟာသဒ္ဓမ္မဇောတိကဓဇ

ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း

(ဒလ၊ ပျော်ဘွယ်ကြီး) (၁၉၂၀-ဖွား)

။(းနှံဇေးယဟ ဒုလီးငွဲဒုဂြ ၊ဖုန်ဇံ –စိစိစိင) းနှံထိးနှံဏးငွဲ ယထ ၊းဆာဒုဇျေးဒ ဂယထ
၊းနှံဏးငွဲးယြယထ စဝယတွဟစာဂီဒီဏဟဟဂ ၊(ပုဂံ)နီနံဝါဏစာဒုဖ်ဆ ငှဟာယထ (ဟဏဂ်ဝ)



WWW.DHAMMARANSI.COM

။ဝါဆုထောင်စေတီတော်

၁၃၈(၂၀၇) နိုဝင်ဘာလဆန်း ၄လပြည့်နေ့ ဗုဒ္ဓဟူးနေ့ ဂန်းစီးယမ ဟင်္ဂါနွဲကိုဝါငြိမ်းဇာတပ်



၆ထပ်တိုင်း ဘုရားအား ဝါဆိုလဆန်းပထမ ဟန်းစီးယမ ဝတ်ပြုကိုးဆိုင်ရာဇာတ်
၁၃၈(၂၀၇)နိုဝင်ဘာလဆန်း ဂုဏ်ပြုထောင်ပေါင်း ဂုဏ်ပြုထောင်ကျွန်းတော်ကိုယ်
ယင်းစုံတင်ကြီးယမ ဒုတိုဝါရှိပုဂ္ဂိုလ်

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

ပျဉ်းမနားမြို့၊ လယ်တီစံကျောင်းတိုက် တရားစခန်း၌
လယ်တီဆရာတော်ကြီး၏ ရုပ်တုတော်ရှေ့တွင်
ကမ္မဌာနာစရိယဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)က
ရဟန်းယောဂီများကို တရားစစ်နေစဉ်။

မေ္ဓဒါနအလှူရှင်

(ဦးလှုံဟွပ်)၊ ဒေါ်ကွီးဝါ
မိသားစုစေတနာ

ဇမ္ဗူအောင်ပွဲရုံ၊
အမှတ်(၁၀)၊ ဘုရင့်နောင်။

WWW.DHAMMARANSI.COM

ဝိပဿနာ ကျင့်စဉ်တရားတော်များ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	
၂။	အမှာစာ	၇
၃။	ဉာဏ်သုံးဉာဏ်အကြောင်း	၁၀
၄။	နာမ ရူပ ပရိစ္ဆေဒဉာဏ်	၁၁
၅။	အမည်ပညတ်	၁၂
၆။	ပရမတ် နှစ်မျိုး	၁၄
၇။	ရုပ်ပရမတ်	၁၄
၈။	အမာခံအထည်ကိုယ်ရုပ်	၁၄
၉။	အခြေယ်ရုပ်	၁၆
၁၀။	ဝိပဿနာရှုရမည့် သမ္မသနရုပ် ၁၈-ခု	၁၆
၁၁။	ရုပ်ဆိုတာ ဖောက်ပြန်တာ၊ ဖောက်ပြန်တာရုပ်	၁၆
၁၂။	ရုပ်ဘာကြောင့် ဖောက်ပြန်	၁၇
၁၃။	ရုပ်ဖောက်ပြန်တယ်ဆိုတာ	၁၈
၁၄။	နာမ်ပရမတ်	၁၉

ကျေးဇူးရှင်ဆရာသမားများမျှစားနှင့်
စမည်းတော် ဦးစန်းဒေအောင်+
မယ်တော် ဒေါ်တင်လှတို့အား
ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပါသည်။

WWW.DHAMMARANSI.COM

၁၅။ ဒိဋ္ဌကွာပြီ ၂၀
၁၆။ ပစ္စယပရိဂ္ဂဟဉာဏ် ၂၀
၁၇။ အကြောင်းကြောင့်အကျိုးဖြစ် ၂၁
၁၈။ ရုပ်နှင့်နာမ်တို့အချင်းချင်း ထောက်ပံ့သိမ်းဆည်းပုံ ၂၃
၁၉။ ဝိစိကိစ္ဆာကွာပြီ ၂၄
၂၀။ သမ္မသနဉာဏ် ၂၅
၂၁။ စူဠသောတာပန်ဖြစ်ပြီ ၂၇
၂၂။ သက္ကာယဒိဋ္ဌခါပုံ (၁) ၃၀
၂၃။ သက္ကာယဒိဋ္ဌ မပြုတ်သမျှ ငရဲတင်းကုတ် ၃၁
၂၄။ ရင်ဝလုံစူး ထိပ်ဦးမီးလောင် ၃၃
၂၅။ သက္ကာယဒိဋ္ဌ ၃၇
၂၆။ ရုပ် နာမ် မသိ ငါအရှိ ၄၁
၂၇။ ငါမဟုတ်တဲ့ ကျွန်တော် ၄၄
၂၈။ သောတာပန်ဆိုတာ ၄၅
၂၉။ ဆုတောင်း ၄၇
၃၀။ သက္ကာယဒိဋ္ဌခါပုံ (၂) ၄၉
၃၁။ အပါယ်ဘုံဟာ ကိုယ့်အိမ် ၅၉
၃၂။ ခန္ဓာကိုယ်မှာ ရုပ်နှင့်နာမ်သာ ငါမပါ ၅၀
၃၃။ သက္ကာယ သက္ကာယဒိဋ္ဌ ၅၂
၃၄။ သက္ကာယဒိဋ္ဌမကွာရင် ၅၃
၃၅။ ငါစွဲ မစွဲဖို့က အရေးအကြီးဆုံးအလုပ် ၅၃
၃၆။ သက္ကာယဒိဋ္ဌကွာအောင်ဒီလိုလုပ် ၅၆
၃၇။ အနတ္တမြင် ငါစွဲစဉ် ၆၃
၃၈။ ငါစွဲကင်းစင် နိဗ္ဗာန်ဝင် ၆၃
၃၉။ ကွာရမည့် သက္ကာယဒိဋ္ဌ ၆၄
၄၀။ ဥဒယဗ္ဗယဉာဏ်ပို့ချချက် ၆၇
၄၁။ မီးလျှံအသွင် ၆၉
၄၂။ ရေအလျဉ်ပမာ ၇၁
၄၃။ ဥပမာ ဥပမေယျ စပ်ဟပ်ပြ ၇၃
၄၄။ ဝေဒနာလည်း မမြဲ ၇၅
၄၅။ ဉာဏ်မိပြီး ရှုမှတ်မှ ဖြစ်ပျက်အစစ်ရှုတာ ၇၆
၄၆။ ရုပ်ဖြစ်ပျက် နာမ်သိပျက် ၇၈
၄၇။ ဥပမာ ဒေသနာ ၈၃
၄၈။ မြတ်သောပုဂ္ဂိုလ် မြတ်သောနေနည်း ၈၇
၄၉။ ဆုတောင်း ၈၉
၅၀။ သစ္စာဓိဋ္ဌာန် ၉၁

WWW.DHAMMARANSI.COM

၅၁။	ကမ္မဋ္ဌာန်းရှုပွားခြင်းသည် ညှင်းဆဲခြင်းမဟုတ်	၉၁
၅၂။	အတ္တ ကိလမထာ နုယောဂအကျင့်	၉၃
၅၃။	ဒုက္ခသစ္စာ	၉၄
၅၄။	ဒုက္ခ ဘယ်ကရ	၉၅
၅၅။	သမုဒယသစ္စာ	၉၆
၅၆။	ဒုက္ခသမုဒယ ကျိုးကြောင်းပြ	၉၇
၅၇။	နိရောဓ သစ္စာ	၉၉
၅၈။	မဂ္ဂသစ္စာ	၁၀၁
၅၉။	လက္ခဏာသုံးပါး ရှုမှတ်ပွား	၁၀၂
၆၀။	ငါကို ဖြုတ်ထားကြပါ	၁၀၂
၆၁။	သတိရှေ့ထား လက္ခဏာပွား	၁၀၃
၆၂။	ဝေဒနာဆိုတာ	၁၀၄
၆၃။	သဲအင်းဂူဆရာတော်ညွှန်ကြား	၁၀၆
၆၄။	စွန်းလွန်း ဆရာတော်ညွှန်ကြား	၁၀၇
၆၅။	သစ္စာအဓိက	၁၀၇
၆၆။	ဘဒြက၏ ကိုယ်တွေ့သစ္စာ	၁၀၈
၆၇။	ဧကာယနော မဂ္ဂေါ	၁၁၃
၆၈။	မရွေးလေးပါး	၁၁၅

နိဒါန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ "ကံ စိတ် ဥတု၊ အာဟာရ ဟုအကြောင်းလေးခု၊ ကျေးဇူးပြု၍ လူ၏ကိုယ်မှာ၊ မြန်စွာ ခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအလျဉ်ပမာ၊ ရုပ်ခန္ဓာသည်။ ဘယ်ခါမစဲ။ ဖြစ်ပျက်မြဲတည်း"။ (လယ်တီဆရာတော်)

၂။"ဝိပဿနာအကြိမ်ပေါင်းများစွာ ပွားများသော်လည်း သက္ကာယဒိဋ္ဌိ မပြုတ်သေးသမျှတော့ ငရဲတင်းကုပ်ပါပဲ" (မိုးကုတ်ဆရာတော်)

ဤစာအုပ်ကို စီစဉ်သူသည် ၁၉၉၈-ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်မှဒီဇင်ဘာလ(၃၁)ရက်တိုင် မင်္ဂလာဗျူဟာအသင်းချုပ်တွင် ဖွင့်လှစ်သော လယ်တီမူ ကမ္မဋ္ဌာနာစရိယသင်တန်းသို့ တက်ရောက်၍ ဝိပဿနာတရားကို စတင်ပွားများခဲ့ပါသည်။ ယခင်ကမူ ပရိယတ္တိ အခြေခံစာပေတို့ကိုသာ ဆည်းပူးလေ့လာနေခဲ့သည်။

တနည်းဆိုရသော် လက်တွေ့မပါသောသဘောတရား သက်သက်ကိုသာလေ့လာနေခဲ့သည်ဟု ဆိုရပေ

WWW.DHAMMARANSI.COM

ကျကျ အားထုတ်မှသာဖြစ်ပေမည်။ ဝိပဿနာတရား အလုပ် အားထုတ်မည်ဆိုလျှင် အချိန်ပေးရမည်။ လူတို့သည်အလုပ် ကိစ္စများပြား၍အချိန်ရသလောက်သာ လေ့လာနိုင်ပေမည်။ ထိုသို့လေ့လာနိုင်ရန် နည်းပေး လမ်းပြစာအုပ်တို့ ရှိရမည်။ စာအုပ်ရှိမှသာ လေ့လာနိုင် အားထုတ်နိုင်မည် ဖြစ်ကြောင်းတွေးမိ၏။ တွေးမိသည့်အတိုင်း အကောင်အထည်ဖော်ရန် ဒကာကိုကျော်နိုင်ကိုပြောပြသောအခါ ဒကာ-ကိုကျော်နိုင်ကလည်း ဝမ်းသာအားရ သဘောတူ လက်ခံခဲ့သည်။

စီစဉ်သူနှင့်ကိုကျော်နိုင်တို့သည် မိမိတို့၏ စိတ်ကူးကို ဆရာကြီးဦးသန်းအားပြောပြရာ ဆရာကြီးကလည်း ဟောပြောပို့ချချက်များကို စာအုပ်ထုတ်ဝေရန်သဘောတူကာထုတ်ဝေခွင့်ပေးခဲ့၏။ ဆရာကြီး၏ခွင့်ပြုချက်ရသောအခါဟောပြောပို့ချချက်များ အားလုံးကို မထုတ်ဝေဘဲ အဓိကကျသော ဉာဏ်သုံးဉာဏ်၊ သက္ကာယဒိဋ္ဌ (၁)၊ သက္ကာယဒိဋ္ဌ (၂)၊ ဥဒယဗ္ဗယဉာဏ်၊ သစ္စာလေးပါး တရားတော်များကို "ဝိပဿနာကျင့်စဉ်တရားတော်များ" အမည်ဖြင့် ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ပါသည်။

မည်။ ဝိပဿနာတရားပွားများမိချိန်မှစ၍ လက်တွေ့နယ်ပယ်သို့ သက်ဝင်မိပြီဟု ကိုယ့်ကိုယ်ကို သဘောပေါက်လာ၏။ သဘောတရားကိုလိုက်စားပြီးသူ မိမိအနေဖြင့် လက်တွေ့နယ်ပယ်သို့ ကူးပြောင်းသည့်အခါခက်ခဲမှုမရှိ လွယ်လွယ်ကူကူပင် နားလည်လာ၏။ ဤသို့အလွယ်တကူနားလည်ရသည်မှာ အခြေခံပရိယတ္တိစာပေ(သဘောတရား)ကို လေ့လာထားခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ပေသည်။

ဝိပဿနာကို လက်တွေ့ပွားများအားထုတ်သည့်အခါ ရုပ်ခန္ဓာ၏မတည်မြဲပုံ၊ လျင်လျင်မြန်မြန်ဖြစ် ပျက်နေပုံတို့ကို သိလာခဲ့သည်။ တဖန် ဝိပဿနာပွားများသင့်သည့်အကြောင်း ဆရာတော်တို့၏ အဆိုအမိန့်တို့ကိုလည်း ကြားနာခဲ့ရ၏။

ရုပ်ခန္ဓာ၏မတည်မြဲပုံ၊ လျင်လျင်မြန်မြန်ဖြစ်ပျက်နေပုံနှင့် ဆရာတော်များ၏အဆိုအမိန့်တို့ကို မိမိသိသလို အများကိုလည်းသိစေချင်၏။ သိရှိပြီး လိုက်နာကျင့်သုံးစေချင်၏။သို့မှသာ ဒုက္ခအပေါင်းမှ ကင်းဝေးပြီးသုခကို ခံစားနိုင်ကြပေမည်။

ထိုသုခကိုခံစားနိုင်ရန်မှာ ကိုယ်တိုင်လက်တွေ့

WWW.DHAMMARANSI.COM

ဆုံးဖြတ်ပြီးနောက် စာရှုသူတို့ ကြည့်ရှုရ လွယ်ကူစေရန် (ဆရာကြီး၏ဟောပြောပို့ချချက်တွင် မပါသော်လည်း) ခေါင်းစဉ်ငယ်များတပ်ခြင်းဆိုင်ရာ ပိဋကတ်စာပေများနှင့် ညှိနှိုင်း တိုက်ဆိုင်ခြင်းများပြုလုပ်ခဲ့ပါသည်။ ဤစာအုပ်ကို စီစဉ်ရာ၌ တရားစခန်းများသို့ လှည့်လည်၍တရားပြရခြင်း၊ အခြားသော သာသနာ့တာဝန်များကိုထမ်းဆောင်နေရခြင်းစသော တာဝန်တို့ကို အစစအရာရာမလစ်လပ်ရအောင် ထမ်းဆောင်ရင်း အားလပ်ချိန်တွင် အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါသည်။

သို့သော် အမှားကင်းသော အလုပ်မည်သည် မရှိဆိုသလို ဤစာအုပ်တွင်လည်း အမှားကင်းသည်ဟုမဆိုလို ပါ။ အကယ်၍ အမှားတွေ့ရှိခဲ့ပါလျှင် ဟောပြောပို့ချသူ ဆရာကြီး၏အမှားမဟုတ်၊ စီစဉ်သူမိမိ၏အားနည်းချက် အမှားဟုသာ ယူဆစေလိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရန် သဒ္ဓါတရားထက်ထက်သန်သန်နှင့်ငွေကြေးစိုက်ထုတ်လှူဒါန်းသူ (ဦးလှိုဟွပ်) + ဒေါ်ကွီးဝါ (သား) ကိုကျော်နိုင် (ဇမ္ဗူအောင်ပွဲရုံ) မိသားစုအား ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုပါသည်။

ဆန္ဒဝတော ကိ ံ နာမ ကမ္မံ နသိဇ္ဈတိ။
ဝီရိယဝတော ကိ ံ နာမ ကမ္မံ နသိဇ္ဈတိ။
စိတ္တဝတော ကိ ံ နာမ ကမ္မံ နသိဇ္ဈတိ။
ပညဝတော ကိ ံ နာမ ကမ္မံ နသိဇ္ဈတိ။

ဆန္ဒဝတော - ပြင်းပြသော အလိုဆန္ဒရှိသူအား။ ကိ ံ နာမ - အဘယ်မည်သော။ ကမ္မံ - အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ - မပြီးမစီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိဧဝ - မုချ အမှန် ဧကန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ဝီရိယဝတော - လွန်ကဲသော လုံ့လဝီရိယ ရှိသူအား။ ကိ ံ နာမ - အဘယ်မည်သော။ ကမ္မံ - အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ - မပြီးမစီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိဧဝ - မုချ အမှန် ဧကန်ပြီးစီးအောင်မြင်ရမည်သာတည်း။

စိတ္တဝတော - ထက်သန်သောစိတ်ရှိသူအား။ ကိ ံ နာမ -အဘယ်မည်သော။ ကမ္မံ- အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ-မပြီးစီးဘဲရှိနိုင်ပါအံ့နည်း။ သိဇ္ဈတိဧဝ-မုချအမှန် ဧကန် ပြီးစီးအောင်မြင်ရမည်သာတည်း။

ပညဝတော - ထက်မြက်သောပညာရှိသူအား။

WWW.DHAMMARANSI.COM

အမှာစာ

ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိ ကဓေ)သည် တရားပြ၊ တရားဟောထူးချွန်သူ ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ထိုအချက်ကို ဆရာကြီးထံတွင် (၇)ရက် တရားစခန်းဝင်ဖူးသူတိုင်း သိရှိကြပါသည်။

တရားစခန်းများ၌ ဆရာကြီးဦးသန်း ဟောပြောခဲ့သော အလုပ်ပေးတရားဟောစဉ်များကို တိတ်ခွေများဖြင့် သွင်းထားခဲ့ပါသည်။ ယင်းတို့အနက် အချို့ကိုစုပေါင်း၍ **"ဝိပဿနာ(၇) ရက်စခန်းအလုပ်ပေးတရားဟောစဉ်များ"**အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ပါသည်။ ယောဂီများလက်စွဲဖြစ်၍ အကြိမ်ကြိမ်ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ရပါသည်။

ယခု ဤစာအုပ်၌ဖော်ပြထားသော ဉာဏ်သုံးဉာဏ်၊ သက္ကာယဒိဋ္ဌ(၁)၊ သက္ကာယဒိဋ္ဌ(၂)၊ ဥဒယဗ္ဗယဉာဏ်၊ သစ္စာလေးပါးတရားတော်များမှာ တိတ်ခွေဖြင့် အသံသွင်းပြီးဖြစ်သော်လည်း စာအုပ်အဖြစ်ထုတ်ဝေခြင်း မပြုရသေးပါ။ ယခင် ထုတ်ဝေပြီးစာအုပ်တွင်မပါရှိပါ။

ကိ နာမ - အဘယ်မည်သော၊ ကမ္မံ = အမှုကိစ္စဟူသမျှသည်။ နသိဗ္ဗတိ - မပြီးစီးဘဲရှိနိုင်ပါအံ့နည်း။ သိဗ္ဗတိ ဧဝ-မုချအမှန် ဧကန်ပြီးစီးအောင်မြင်ရမည် သာတည်း။

●●●●●

အရှင်ဇေယျာနန္ဒ (ပုဂံ)
ဥက္ကဋ္ဌဆရာတော်
ကမ္မဋ္ဌာနာစရိယများ၊ စီမံခန့်ခွဲရေးကော်မတီ
အနာဂါမ်ဆရာသက်ကြီး၊ ဝိပဿနာအဖွဲ့ချုပ်

WWW.DHAMMARANSI.COM

ကုန်ကျစရိတ် ဝတ္ထုငွေများ လျှုဒါန်းသော ဓမ္မဒါနအလှူ ရှင် (ဦးလှိုဟွပ်) +ဒေါ်ကွီးဝါး (သား)ကိုကျော်နိုင် (ဇမ္ဗူအောင်ပွဲရုံ) မိသားစု၏ မွန်မြတ်သော ကောင်းမှုကိုလည်း သာမုခေါ်ပါသည်။

မင်းယုဝေ

ဥက္ကဋ္ဌ

လယ်တီဆရာတော်ကြီး၏ တပည့်ရင်း

အနာဂါမ်ဆရာသက်ကြီး

ဝိပဿနာပြန်ပွားရေးအဖွဲ့ချုပ်

ထို့ကြောင့်ယင်းတို့ကို ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)က တိတ်ခွေမှကူးယူတည်းဖြတ် ပြီးစာအုပ်ဖြစ်လာအောင် စီစဉ်ခြင်းပြုပါသည်။ အရှင် ဇေယျာနန္ဒ (ပုဂံ)သည် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက်၊ (၂)လမ်း၌တည်ရှိသော ရတနာ မဏ္ဍူမမွရိပ်သာကျောင်းတိုက်၏ ပဓာနနာယက ဆရာ တော်တစ်ပါးလည်းဖြစ်ပါသည်။

ဆရာတော် အရှင်ဇေယျာနန္ဒ (ပုဂံ)သည် မိမိ၏ ရတနာမဏ္ဍူမမွရိပ်သာကျောင်းတိုက်၌ ဆရာကြီးဦးသန်း ၏ ဝိပဿနာ (၇) ရက်တရားစခန်းကို မြန်မာလပြည့် ကျော်(၈)ရက်နေ့တိုင်း လစဉ်ပုံမှန်ဖွင့်လှစ်၍ ကိုယ်တိုင် လည်း တရားဟောဖော်ညွှန်ပြနေသူ အရှင်မြတ်ဖြစ် ပါသည်။

ယခုဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)က စေတ နာ သဒ္ဓါတရားထက်သန်စွာဖြင့် ဆရာကြီးဦးသန်း၏ အဖိုးတန် တရားဝါးပုဒ်ကို တည်းဖြတ်၍ စာအုပ်အဖြစ် ပေါ်ထွန်းလာရန် ကြိုးပမ်းစီစဉ်သည်ကို အထူးကျေးဇူး ဥပကာရ တင်မိပါ သည်။ ထို့ပြင်စာအုပ်ဖြစ်ပေါ်လာရန်

WWW.DHAMMARANSI.COM

ဉာဏ်သုံးဉာဏ်အဓိကြောင်း

လယ်တီဆရာတော်ဘုရားကြီးရဲ့ သင်ပြပေးချက်အရ အနာဂါမ်ဆရာသက်ကြီး ဟောပြောပို့ချသော ဒီဝိပဿနာ (၇) ရက်တရားစခန်းမှ ယောဂီများအကျင့်ရော အသိပါ နားလည်သဘောပေါက်သွားဘို့အတွက် အချက်လေးချက်ကို အဓိကထားပြီး ပို့ချပေးပါတယ်။

၁။ ပညတ်ပရမတ်ကွဲဘို့

၂။ ရုပ်နာမ်ကွဲဘို့

၃။ သက္ကာယဒိဋ္ဌိကွာဘို့

၄။ ဖြစ်ပျက်မြင်ဘို့ ဆိုတာပါပဲ။

အထက်ပါအချက်များကို ပိုမိုသဘောပေါက်သွားဘို့အတွက် ယခု"ဉာဏ်သုံးဉာဏ်" အကြောင်းကို ပို့ချပေးပါ မယ်။ ဉာဏ်သုံးဉာဏ်ဆိုတာက -

၁။ နာမရူပပရိစ္ဆေဒဉာဏ်၊ နာမ်တရားရဲ့သဘောလက္ခဏာ၊ ရုပ်တရားရဲ့သဘောလက္ခဏာတို့ကို မမြဲပါလား-အနိစ္စ၊ ဆင်းရဲပါလား - ဒုက္ခ၊ အစိုးမရအနှစ်သာရမရှိပါလား အနတ္တလို့ ဘာဝနာမယ ဉာဏ်

ဖြင့် ပိုင်းခြား သိမြင်တာကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ဆိုပါတယ်။

၂။ ပစ္စယပရိဂ္ဂဟဉာဏ် - ရုပ်နဲ့နာမ်တို့ဟာ အကြောင်းကြောင့်ဖြစ်လာရတဲ့ အကျိုးတရားတွေ တစ်ခုနဲ့တစ်ခု ထောက်ပံ့သိမ်းဆည်းမှုပြုနေကြတာပါလားလို့ ဒီလိုသိတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ဆိုပါတယ်။

၃။ သမ္မသနဉာဏ် - မိမိအားထုတ်ထားတဲ့ သမာဓိနဲ့ ခန္ဓာကိုယ်ကို စူးစိုက်ရှုကြည့်တဲ့အခါမှာ ရုပ်နဲ့နာမ် တို့ဟာ ဖောက်ပြန်သဘော, သိသဘောနဲ့ ဖြစ်ပျက် နေကြတာ မမြဲပါလား၊ ဆင်းရဲပါလား၊ ကိုယ်မပိုင် အစိုး မရပါလားလို့ သုံးသပ်ဆင်ခြင်သောဉာဏ်ကို သမ္မသနဉာဏ်လို့ ဆိုပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ်။ ။ ဒီဉာဏ်သုံးဉာဏ်အနက် ရှေး ဦးစွာ နာမရူပပရိစ္ဆေဒ ဉာဏ်ကိုပို့ချပေးပါမယ်။ ဒီဉာဏ်ကို သဘောပေါက်နားလည်ဘို့အတွက် ပညတ်ပရမတ်ကွဲပြီး ဖြစ်ဘို့လိုပါတယ်။

ယောဂီများကိုမေးရဦးမယ် ပညတ်ပရမတ်ကွဲကြပြီလား။

WWW.DHAMMARANSI.COM

ဒီလိုပြောင်းလဲသွားတဲ့ ဖြစ်စဉ်ကိုတော့ သန္ဓတိပညတ် လို့ခေါ်ပါတယ်။ သုဘပညတ်၊ ဇီဝပညတ် ဆိုတာတွေ လည်း ရှိသေးတယ်။ ပညတ်တွေကတော့ သက်ရှိ သက် မဲ့အများကြီးပါပဲ။ အချုပ်သဘောပြောရရင်တော့ အမည်အမျိုးမျိုးနဲ့ ခေါ်ဝေါ်သုံးစွဲတာပညတ်ပါပဲ။ တကယ်မရှိပါဘူး၊ တကယ်ရှိတာကပရမတ်ပါ။ **(တစ်ခု ထဲထင်မှတ် အမျှင်မပြတ်လျှင် ပညတ်ပင်၊ အများ ထင်မှတ် အမျှင်ပြတ်မှ ပရမတ်။)** လို့ဆိုသည့်အတိုင်း ပညတ်ဖုံးပြီး တစ်ခုထဲ တစ်လုံးတစ်ခဲထဲလို့ ထင်မှတ်ရင် ပရမတ်က ငုပ်နေတယ်။ ပရမတ်ကို မမြင်နိုင်ပါဘူး။ ပရမတ်ကိုမြင်အောင် ရှုမှတ်နိုင်ရင်တော့ ပညတ်ငုပ် သွားတယ်။ ကွာသွားတယ်။ အဲဒီအခါကျမှ ရုပ်နာမ် ပရမတ်ဓာတ်တွေဟာ မမြဲကြောင်း၊ ဆင်းရဲကြောင်းနဲ့ ကိုယ်မပိုင် အစိုးမရကြောင်း ပေါ်လွင်ပြီး လက္ခဏာတင် ဆင်ခြင်သုံးသပ်ရှုမှတ်နိုင်မှာပါ။

ပညတ်ပရမတ် အတတ်မြင်သိ ဉာဏ်နှင့် ကြည့်မှ အနိစ္စကို ဒိဋ္ဌမှန်စွာ မြင်နိုင်ရာသည် ပညာ အချက်စခန်းတည်း။

အမည်ပညတ်။ ။ ပညတ်ဆိုတာ အမည်နာမ အမျိုးမျိုးတွေအခေါ်အဝေါ်အမျိုးမျိုးတွေပေါ့။ သက်ရှိ သက်မဲ့အားလုံးပါပဲ။

ဥပမာ - သစ်ပင်တစ်ပင်ကိုလဲ၊ သစ်ခွဲလိုက်ပါ၊ အဲဒီသစ်တွေ ကျောင်းဆောက်ရင် ကျောင်းလို့ ခေါ်ကြတယ်၊ အိမ်ဆောက်ရင်တော့လဲ အိမ်ပေါ့။ စားပွဲ၊ ကုလားထိုင်၊ဘီဒို စသည်လုပ်ရင်လဲ စားပွဲ၊ကုလားထိုင်၊ ဘီဒိုလို့ပဲ ခေါ်ဝေါ်သုံးစွဲ ပြောဆိုကြပါတယ်။ ဒီလိုသစ်တစ်မျိုးထဲက အမည်အမျိုးမျိုးတွေ ကွဲလွဲသွားပါတယ်။ အမည်ပညတ်တွေပါ။ အမှန်တကယ်မရှိပါဘူး။ အမှန်တကယ်ရှိတာက အဋ္ဌကလာပ်ရုပ်ဆိုတဲ့ ပရမတ်တရားတွေပါပဲ။

အပေါင်းအစုလို့မြင်ရင် သမူဟပညတ်လို့ ခေါ်ပါတယ်။ အတို၊ အရှည်၊ အဝိုင်း၊ လေးထောင့်၊ အနိမ့်၊ အမြင့်စသည်ဖြင့် ပုံသဏ္ဌာန်ကိုမြင်ရင် သဏ္ဌာနပညတ်လို့ခေါ်ပါတယ်။ တစ်လုံးထဲ တစ်ခဲထဲဆိုရင်တော့ ဃနပညတ်ခေါ်ပါတယ်။ ဒီသုံးမျိုးက သဘောတူမှုမှတ်ရတာလွယ်ကူ ပါတယ်။ ငယ်ရာကကြီး ကြီးရာကအိုမင်း စသည်ဖြင့်ဂဏန်း၊ တရားရှုမှတ်တဲ့အခါမှာ ပူရာက အေး၊ အေးရာက ထုံကျဉ်စသည်ဖြင့်ဂဏန်း

WWW.DHAMMARANSI.COM

ပရမတ်နှစ်မျိုး ။ ။ အဲဒီပရမတ်မှာလည်း ဝိပဿနာရှုရာမှာ ရုပ်ပရမတ်နဲ့ နာမ်ပရမတ်လို့ နှစ်မျိုး ရှိပါတယ်။ ဒေသနာတော်အရ ပြောရရင် -

ကွဲံ ရုပံ၊ ကွဲံ နာမံ။ ရုပံနာမံ အသံမိဿံ။ ရုပံ အညံ၊ နာမံ အညံ - တဲ့။

ကွဲံ - ဤသဘောတရားသည်။ ရုပံ - ရုပ်မည်၏။ ကွဲံ - ဤသဘောတရားက။ နာမံ - နာမ်မည်၏။ ရုပံနာမံ - ရုပ်နှင့်နာမ်သည်။ အသံမိဿံ - မရောနှောကြ။ ရုပံ - ရုပ်သည်။ အညံ - တစ်ပါးကည်း။ နာမံ - နာမ်သည်။ အညံ - တစ်ပါးတည်း။

ရုပ်ပရမတ် ။ ။ ကွဲံ - ဤသဘောတရားသည်။ ရုပံ - ရုပ်မည်၏။ ကွဲံ - ရုပံ ဆိုတဲ့ စကားကလေးကို ရှင်းကြ ဦးစို့ -

အမာခံအထည်ကိုယ်ရုပ်။ ။ ယောဂိတို့ကို သစ်သား တုံးတစ်တုံးနဲ့ တူ ဆောက် စတဲ့လက်နက်ကိရိယာတွေ ပေးလိုက်မယ်။ ကိုယ့်ရုပ်ပုံနဲ့တူအောင် ပန်းပုထုလိုက်ကြစမ်းပါ။ ဒီတံရားစခန်းက ယောဂိတို့ကို တရားသင်ပေးရုံမဟုတ်ဘူး။ ပန်းပုပညာပါ တတ်အောင် သင်ပြပေးလိုက်မယ်။ ကိုယ့်ရုပ်ပုံ နဲ့တူအောင် ချောချော

သွယ် ကလေးဖြစ်အောင် ထုကြပါ။ ပြီးသွားပြီလား၊ ဘူကော တူကြရဲ့လား၊ အဲဟုတ်ပြီ ပြီးသွားပြီ ဆိုရင်တော့ အဲဒီပန်းပုရုပ်ကိုကြည့်ပါ။ မာတဲ့သဘော၊ ပျော့တဲ့သဘော မပါဘူးလား၊ အဲဒါ ပထဝီဓာတ်ပေါ့။ ယိုတဲ့သဘော ဖွဲ့စည်းသဘော မပါဘူးလား၊ အဲဒါ အာပေါဓာတ်ပဲ။ ပူအေးသဘောကော မပါဘူးလား။ အဲဒါကတော့ တေဇောဓာတ်ပါ။ ဒီပန်းပုရုပ် ကလေးကြီးထွားလာအောင် တွန်းကန်လှုပ်ရှားသဘောကို ကော မတွေ့ရဘူးလား ဒါက ဝါယောဓာတ်ပဲ။ ဒီအ ခြေခံဓာတ်ကြီးလေးပါးပါရင် ဒီဓာတ်ကြီးလေးပါးနဲ့အတူဖြစ် အတူချုပ်တဲ့ ဝဏ္ဏ-အဆင်း၊ ဂန္ဓ-အနံ့၊ ရသ-အရသာ၊ ဩဇာ - အဆီအစေး၊ အနှစ်သဘောတွေက ပါလာတော့တာပဲ။ အဲဒီဓာတ်ရှစ်ပါးကို အဋ္ဌကလာပ်ရုပ်လို့ဆိုပါတယ်။ နောက်တော့ တစ်ကိုယ်လုံးမှာတည်တဲ့ ဇီဝိတရုပ်။ ကာယပသာဒရုပ်။ မိန်းမဖြစ်မည့် ကွဲတ္ထိဘာဝရုပ်။ ယောကျ်ားဖြစ်မည့် ပုမ္ဘာဝရုပ် ပေါင်းလိုက်ရင် (၁၂)ခုရှိတယ်။ အဲဒီရုပ်တွေကို အမာခံအထည် ကိုယ်ရုပ်လို့ ဆိုပါတယ်။

WWW.DHAMMARANSI.COM

အခြယ်ရုပ်။ ။တစ်ကိုယ်လုံးမှာမဟုတ်ဘဲ နေရာဒေသအလိုက် ရှိနေကြသောရုပ်တွေကတော့ စက္ခုပသာဒရုပ်။ သောတပသာဒရုပ်။ ဃာနပသာဒရုပ်။ ဇိဝှါပသာဒရုပ်။ သဒ္ဒရုပ်။ ဟဒယဝတ္ထုရုပ်။ ဒီရုပ် (၆)ခုက သူ့နေရာနှင့်သူ သီးသန့်ရှိလေတော့ ဒီရုပ် (၆)ခုကို အခြယ်ရုပ်လို့ ရွေးဆရာများက အမည်ပေးထားပါတယ်။

ဝိပဿနာဓုရမည့်သမ္မသနရုပ် (၁၈)ခု။ ။ ဒါဖြင့် ကိုယ်ထည်အမာခံရုပ်က (၁၂)ခု၊ အခြယ်ရုပ်က (၆)ခု ပေါင်းလိုက်ရင် (၁၈)ခုသောရုပ်တို့ဟာ ဝိပဿနာရှုကောင်းသော ရှုရသောရုပ်တွေ၊ သမ္မသနရုပ်တွေဖြစ်ကြပါတယ်ဆိုတာ ယောဂီများနားလည်ထားဘို့ လိုပါတယ်။

ရုပ်ဆိုတာဖောက်ပြန်တာ ဖောက်ပြန်တာရုပ်။ ဒီရုပ်ထုရုပ်ကောင်ကြီးဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံးသားဟူသော အအိမ်ခြောက်ခုရှိသော မလှုပ်တတ် မယှက်တတ် တစ်စုံတစ်ရာဘာတစ်ခုမျှအသုံးမကျသော အလောင်းကောင်ကြီးပါပဲ။ ဒီလိုအသုံးမကျပေမဲ့ သူ့မှာ ဆန့်ကျင်ဘက်ဖြစ်တဲ့ အပူအအေးစတဲ့ အကြောင်းတရားတွေနဲ့တွေ့ကြုံလျှင် ဖေါက်ပြန်တဲ့သဘောကတော့

ရှိနေ တယ်။ ယောဂီတို့ကို ရုပ်အကြောင်းပို့ချထားပြီးဖြစ်တော့ သဘောပေါက်လောက်ပါပြီ။ ဒါကြောင့် ဣန္ဒ-ဥရုပ်ကောင်ကြီးသည်။ ရူပံ-အချမ်းအပူစသော ဆန့်ကျင်ဘက်တရားတွေနဲ့တွေ့ရင် ဖောက်ပြန်တတ်ပါ ပေ၏လို့ ဘုရားမြတ်စွာ မိန့်မှာတော်မူပါတယ်။ ဒါဖြင့် ရုပ်ဆိုတာ ဖောက်ပြန်သော သဘောရှိတယ်။ ဘာကြောင့် ဖောက်ပြန်ပါသလဲ။

ရုပ္ပတီတိခေါ ဘိက္ခဝေ တသ္မာရူပန္တိဝုစ္စတိ။ ကေန ရုပ္ပတိ-သီတေနပိရုပ္ပတိ ဥဏှေနပိရုပ္ပတိ ဇိဃစ္ဆာယပိ ရုပ္ပတိ ပိပါသာယပိရုပ္ပတိ ဍံသမကသ-ဝါတာတပ သရီသမ္ဖဿေနပိ ရုပ္ပတိ။

ဘိက္ခဝေ - ရဟန်းတို့။ ခေါ-စင်စစ်။ ရုပ္ပတိ-မတည်မမြဲ အနဲနဲလျှင် ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ပါ၏။ ဝါ -တစ်ခဏချင်းလျှင် ယိုယွင်းယိုင်ရွေ့မြည့်မြည့်ကြေကွဲ မစဲမြန်စွာ ဖောက်ပြန်တတ်ပါ၏။ ဣတိတသ္မာ-ထို့ကြောင့်။ ရူပန္တိ - ရုပ်ဟူ၍။ ဝုစ္စတိ-ခေါ်ဆိုအပ်ပါပေ၏။

ရုပ်ဘာကြောင့်ဖောက်ပြန်။ ။ကေန-အဘယ်အကြောင်းတွေကြောင့်။ ရုပ္ပတိ-ဖောက်ပြန်ရပါသနည်း။ သီတေနပိ-အအေးအကြောင့်လည်း။ ရုပ္ပတိ-ဖောက်ပြန်

WWW.DHAMMARANSI.COM

တတ်ပါ၏။ ဥက္ကေနပိ-အပူကြောင့်လည်း။ ရုပ္ပတိ-ဖောက်ပြန်တတ်ပါ၏။ ဇိယ္ဈာယပိ-ထမင်းဆာသောကြောင့်လည်း။ ရုပ္ပတိ-ဖောက်ပြန်တတ်ပါ၏။ ပိပါသာယပိ - ရေဆာသောကြောင့်လည်း။ ရုပ္ပတိ-ဖောက်ပြန်တတ်ပါ၏။ ဒုံသ-မကသ ဝါတာတပသရီ သမ္ဖဿေနပိ-မှက်ခြင်ယင် လေ နေပူ မြွေ ကင်း သန်းတို့၏ ကိုက်ခဲခြင်းစတဲ့ အတွေ့အထိကြောင့်လည်း။ ရုပ္ပတိ-ဖောက်ပြန်တတ်ပါ၏။ လို့ဆိုတဲ့ ဒေသနာတော်အရ အအေးကြောင့်လည်း ဖောက်ပြန်တယ်။ အပူကြောင့်လည်း ဖောက်ပြန်တယ်။အစာဆာလို့လည်း ဖောက်ပြန်တယ်။ လေပူ နေပူတို့ကြောင့်လည်း ဖောက်ပြန်တယ်။ ရေဆာလို့လည်း ဖောက်ပြန်တယ်။ မှက် ခြင် တို့ကိုက်ခဲလို့လည်း ဖောက်ပြန်တယ်လို့ ခန္ဓဝဂ္ဂသံ ယုတ်ပါဠိတော်မှာဟောပါတယ်။ ၎င်း အဋ္ဌကထာကလည်း သီတာဒိ-ဝိရောဓိ ပစ္စယေဟိ ဝိကာရာ ပတ္တိစဟောတိ - အအေးစသော ဆန့်ကျင်ဘက်အကြောင်းတွေကြောင့် ဖောက်ပြန်ခြင်းသို့ ရောက်တယ်လို့ ဖွင့်ပြပါသေးတယ်။

ရုပ်ဖောက်ပြန်တယ်ဆိုတာ။ ။ ဒီဖောက်ပြန် ခြင်းသို့ရောက်တယ်ဆိုတာကိုပဲ မူလဋ္ဌီကာဆရာက ဝိကာရာ

ပတ္တိစ သီတာဒိသန္နိပါတေ ဝိသဒိသရူပုပ္ပတ္တိ ယေဝ တဲ့ အဓိပ္ပါယ်ကတော့ ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းဟူသည် သီတစသည်တို့နှင့် ပေါင်းဆုံမိသောအခါ ရှေးရုပ်နှင့်မတူသော နောက်ရုပ်တို့၏ ဖြစ်ပေါ်လာခြင်းကို ဆိုပေ၏။ ဥပမာပေး၍ရှင်းရလျှင် ယောဂီတို့ရဲ့ ချောမွတ်နေတဲ့ လက်မောင်းသားကလေးကို ခြင်ကိုက်သွားတယ်ဆိုပါစို့၊ ခြင်မကိုက် ခင်ကတစ်မျိုး၊ ခြင်ကိုက်ပြီးသွားတော့ ဘုကလေးတွေ၊ သွေးကလေးတွေစို့မလာဘူးလား၊ ဒါဟာ ရှေးရုပ်နဲ့ မတူတဲ့ နောက်ရုပ် ဖြစ်လာတာပေါ့။ ဒါကိုပဲ ရုပ်ဖောက်ပြန်တယ်ဆိုတာ ဒီလိုကိုးလို့သာ မှတ်ထားလိုက်ပါ။

နာမ်ပရမတ်။ ။ ကွဲ- ဤမျက်စိသိ နားသိ နှာခေါင်းသိ လျှာသိ ကိုယ်သိ နှလုံးသိ ကောင်းသိ မကောင်းသိ တောင်သိ မြောက်သိစသော အအိမ်ခြောက်ခုတို့မှဖြစ်သော အသိအမျိုးမျိုးကား။ နာမံ-အာရုံသို့ညွတ်တတ်သော သိတတ်သော နာမ်တရားပေတည်း။ ရူပံနာမံ - ရုပ်နှင့်နာမ်သည်။ အသံမိသံ-မရော နှောကြ။ ရူပံ-ရုပ်တရားသည်။ အညံ-တစ်မျိုးတခြားတည်း။ နာမံ - နာမ်တရားသည်။ အညံ-တမျိုးတခြားပေတည်း။

WWW.DHAMMARANSI.COM

ဖြစ်နေသလားလို့ သို့လော သို့လော သံသယတွေ ဖြစ်စရာပါ။ ဒါကို-မိုးကုတ်ဆရာတော်ဘုရားကြီးက -

"အဝိဇ္ဇာနှင့် တဏှာဥပါဒါန် အရင်းခံ ကံကြောင့် နာမ်ရုပ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ အဖန်ဖန်ဖြစ်ပြန်နည်းအလျော် -

ဗြဟ္မာ သိကြား စသည်များက ထင်ရှားပြုပြင်စီရင်ဖန်ဆင်း အကြောင်းရင်းကြောင့် လူနတ်များစွာသတ္တဝါတို့ ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍ မျော်"လို့ စပ်ဆိုထားပါတယ်။

အကြောင်းကြောင့် အကျိုးဖြစ်။ ။ ဤရုပ်နာမ် နှစ်ပါးသည် တစ်စုံတစ်ယောက်သောသူက ပြုလုပ်ဖန်တီး၍ ဖြစ်လာရသည်မဟုတ်ပါ။ ပြုလုပ်ဖန်ဆင်းနိုင်စရာ သတ္တဝါကောင်ဟူ၍ပင် မရှိပါ။ စင်စစ်မှာ - မျိုးစေ့ကြောင့် သစ်ပင်ပေါက်သည်။ အဲဒီ သစ်ပင်ကို စွဲမှီ၍ မျိုးစေ့ဖြစ်ပြန်သကဲ့သို့ ကံ စသောအကြောင်းရုပ်နာမ်ကြောင့် အကျိုးနာမ်ရုပ် ဖြစ်သည်။ အကျိုးရုပ်နာမ်ကြောင့် ကံစသော အကြောင်း ရုပ်နာမ် ဖြစ်ရ

ရုပ်ကဖောက်ပြန်သော သဘောရှိတယ်။ နာမ်က အာရုံကို သိတတ်သောသဘောရှိတယ်။ အာရုံနှင့်ကင်းပြီး နာမ်ဆိုတာမဖြစ်ဘူး။ အဲဒီနာမ်ရဲ့အသိစိတ်က မျက်စိသို့ နားသို့ စသည်ဖြင့် ခြောက်မျိုးရှိတယ်ဆိုတာကို သဘောပေါက်ပြီး ဒီရုပ် နာမ်ပရမတ်ဓာတ်တွေဟာ မမြဲ ဆင်းရဲ ကိုယ်မပိုင် အစိုးမရလို့ လက္ခဏာတင် ဆင်ခြင်နိုင်ရင် နာမ်ရုပ်တို့ကို ပိုင်းခြားပြီး ဝေဖန်ပြီး ဘာဝနာမယဉာဏ်ဖြင့်သိလာပြီမို့ နာမရူပပရိစ္ဆေဒဉာဏ်ပိုင်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ဒိဋ္ဌိကွာပြီ။ ။ နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ-ဆိုတဲ့ စကားအရ ဝိသုဒ္ဓိအနေ နဲ့ဆိုလျှင် နာမ်ရုပ်ကိုပိုင်းခြားနိုင်ပြီဖြစ်လို့ သက္ကာယဒိဋ္ဌိကို ပယ်နိုင်ပြီ။ ဒိဋ္ဌဝိသုဒ္ဓိဖြစ်ပြီ။ အယူအမြင်စင်ကြယ်သွားပြီ၊ တဒင်္ဂပဟာန်အားဖြင့် ဒိဋ္ဌိတစ်လုံးဖြုတ်နိုင်ပြီပေါ့။

ပစ္စယပရိဂ္ဂဟဉာဏ်။ ။ ဟုတ်သွားပြီ၊ ရှေ့တစ်ဆင့် တက်ကြဦးစို့။ ဒီရုပ်ဒီနာမ်တွေကို ဘယ်ဗြဟ္မာ-သိကြား ထာဝရဘုရားက ဖန်တီးထားတာပါလိမ့်။ ဒါမှမဟုတ် ပေါက်လွတ်ပဲစား သူ့သဘောနဲ့သူများ

WWW.DHAMMARANSI.COM

ပြန်သည်။

ဝိပါကော ကမ္မဇောကာယေ ကမ္မံ ပုန ဝိပါကဇ-ကာယေ-အကျိုးရုပ်နာမ်နှစ်ပါး၊ အပေါင်းကိုယ်၌။ ဝိပါကော-အကျိုးရုပ်နာမ်သည် ကမ္မဇော-ကံကြောင့်ဖြစ်၏။ ပုန-တစ်ဖန် ကမ္မံ-အကြောင်းကံသည်။ ဝိပါကဇ-အကျိုးရုပ်နာမ်ကြောင့် ဖြစ်ပြန်လေ၏။

ဤအဆိုအမိန့်များအရ- ရုပ်နှင့်နာမ်တို့သည် အကြောင်းကြောင့်ဖြစ်လာသည့် အကျိုးတရားများဖြစ်သည်။ ရုပ်သည် ကံ စိတ် ဥတု အာဟာရဆိုသည့် အကြောင်းတရားလေးပါးကြောင့်ဖြစ်လာသည့် အကျိုးတရားဖြစ်သည်။ ဘယ်သိကြား ငြဟ္မာတွေကမှ ဖန်တီးလာသည်မဟုတ်ပါ။ သဲဖြူ လယ်တီဆရာတော်ဘုရားက

"ကံ စိတ် ဥတု အာဟာရ ဟုအကြောင်းလေးခု ကျေးဇူးပြု၍ လူ၏ကိုယ်မှာမြန်စွာခဏဖြစ်ကပျက်ပြန် မီးလျှံအသွင် ရေအလျဉ်ပမာ ရုပ်ခန္ဓာသည် ဘယ်ခါမစဲ ဖြစ်ပျက်မြဲတည်း"။ လို့ စပ်ဆိုတော်မူထားပါသည်။ ထို့အတူပဲ နာမ်ကလည်း-

"အကြည်ခြောက်စုံ အာရုံခြောက်ပါး ထိခိုက်ငြားက ခြောက်ပါးဝိညာဉ် အစဉ်မပြတ် လျှပ်ရောင်

ပမာ နာမ်ခန္ဓာသည် ဆိုင်ရာအသီးအသီး ဖြစ်ပျက်ကြသတည်း"။ ဆရာ တော်ကြီးရဲ့လက်စာသားအရ အတွင်းအာယတန ခြောက်ပါးနှင့် အပြင်အာရုံခြောက်ပါးရုပ်တို့ တွေ့ဆုံမှုကြောင့် ဝိညာဉ်ခြောက်မျိုးဆိုတဲ့ မြင်ကြား၊ နံစား၊ ထိသိဆိုထိုထို အသိစိတ် ခြောက်မျိုး အသီးအသီး ဖြစ်လာကြပါသည်။

ရုပ်နဲ့နာမ်တို့အချင်းချင်း ထောက်ပံ့သိမ်းဆည်းပုံ။ ။ ထိုရုပ်နှင့်နာမ်တို့သည် ရုပ်ကပူမှု အေးမှုစသည်နှင့် ဖောက်ပြန်ပြလျှင် နာမ်ကပူတယ် အေးတယ် လို့သိပါသည်။ ဒီအခါမှာ ရုပ်ကရှေ့ဆောင်ပြီး ပူတဲ့အေးတဲ့အာရုံနဲ့ ဖောက်ပြန်တာကို နာမ်ကနောက်မှ လိုက်ပြီး ထိုပူတဲ့ အေးတဲ့အာရုံ ကို ပူတယ် အေးတယ်လို့ သိပေးတာကိုပဲ နာမ်ကအာရုံကို သိတတ်တဲ့သဘောရှိတယ်လို့ ဆိုပါတယ်။ တစ်ခါတစ်ရံတော့ နာမ်ကရှေ့ဆောင်ပြီး ထချင်တယ်၊ သွားချင်တယ်ဆိုရင် ရုပ်ကနောက်လိုက်ပြီး ထပေးရ သွားပေးရပါတယ်။ ဒီအခါမှာ နာမ်ရှေ့ဆောင် ရုပ်နောက်လိုက်ဖြစ်ပါတယ်။ ဒီလို တစ်ခုနဲ့တစ်ခု ထောက်ပံ့သိမ်းဆည်းတယ်လို့ ဆိုပါတယ်။ (မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးသန်း

WWW.DHAMMARANSI.COM

ဒီဉာဏ်နှစ်မျိုးဟာ ဝိပဿနာတရားပွားများ အားထုတ်တဲ့ ဉာဏ်စဉ်ဆယ်ပါးမှာတော့ မပါဝင်ပါဘူး။ အခြေခံ ဉာဏ်နှစ်ပါးဖြစ်ပါတယ်။

သမ္မသနဉာဏ်။ ။ကဲ ရှေ့တစ်ဆင့်တက်ကြပါဦးစို့။ ရူပံ အနိစ္စံ။ ရူပံအကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ထင်ရသော မဟာဘုတ်ဥပါဒါရုပ်တို့၏ အပေါင်း အစု အလုံးအထွေး၊ အစုအဝေး ရုပ်တရားတွေသည်။ အနိစ္စံ-ရှိတဲ့၍မရှိ၊ ပေါ်တဲ့၍ပျောက်၊ ဖြစ်တဲ့၍ပျက် ရေပွက် လျှပ်စစ်တို့ကဲ့သို့ အပြတ်အပြတ်၊ အတစ်အတစ်၊ အသစ် အသစ် ဖြစ်ပျက်မစဲ အမြဲမရှိသော တရားတွေပါတကား။

ရူပံ ဒုက္ခံ။ ရူပံ-အကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ထင်ရသော မဟာဘုတ်ဥပါဒါရုပ်တို့၏ အပေါင်း အစု အလုံးအထွေး အစုအဝေးရုပ်တရားတွေသည်။ ဒုက္ခံ-မကောင်း သောတရား၊ တစ်စုံတစ်ရာ အသုံးမကျ အချည်းနှီးသောတရား၊ အံချင်ဖွယ်အော့ချင်ဖွယ် စက်ဆုပ်ရွံရှာဖွယ်တွေ ဖြစ်ပျက်ဖန်ဖန် မခံမသာ ရောဂါ ဝေဒနာအမျိုးမျိုး ဘေးရန်အမျိုးမျိုးတို့၏ မှီခိုစွဲကပ်ရာဖြစ်၍ ထိတ်ဖွယ် လန့်ဖွယ် ကြောက်ရွံ့ဖွယ် ဒုက္ခမျိုး

ဒလ ပျော်ဘွယ်ကြီး ရှင်းပြလေ့ရှိပါတယ်) ဘယ်လိုလဲ ဆိုရင် - ရုပ်နဲ့နာမ်တို့ဟာ ဆိုင်းသမားနဲ့ ကချေသည် လိုပါပဲတဲ့။

ဆိုင်းသမားက မကတတ်ဘူး၊ တီးရုံဘဲ တီးတတ်တယ်။ ကချေသည်ကလဲ ကရုံဘဲ ကတတ်တယ်။ မတီးတတ် ပါဘူး။ ဇာတ်ကတဲ့အခါ သီချင်းတစ်ပုဒ်ကို ဆိုပြီး တီးကြ ကကြတော့ သီချင်းလည်းဆုံးရော အတီးရောအကရော ရပ်သွားကြပြီး ဇာတ်ပွဲတစ်ခု ပီပြင်သွား သလိုပါပဲတဲ့ ရုပ်နဲ့နာမ်တို့ဟာ တခြားစီဖြစ်ကြပေမဲ့ အချင်းချင်းထောက်ပံ့ သိမ်းဆည်းပေးကြပါတယ်။

ဝိစိကိစ္ဆာကွာပြီ။ ။ ဒါကြောင့် ရုပ်နာမ်တို့ အပေါ်မှာ အကြောင်းကြောင့် ဖြစ်လာတဲ့ အကျိုးတရား တွေပဲ။ တစ်ခုနဲ့တစ်ခုထောက်ပံ့သိမ်းဆည်းပေးကြ တော့ ရူပံနိဿိယ နာမံပဝတ္တိ။ နာမံ နိဿိယ ရူပံပဝတ္တိ - ရုပ်ကိုမှီပြီး နာမ်ဖြစ်တယ်။ နာမ်ကိုမှီပြီး တော့လည်းရုပ်ဖြစ်တယ်လို့ အမြင်ကြည်လင်ပြီး သိကြား ဗြဟ္မာတွေက ဖန်တီးလို့ဖြစ်လာ ရသလားဆိုတဲ့ ယုံမှား သံသယဖြစ်မှုတွေကင်းစင်သွားတော့ ကခ်ီဝိတရဏ ဝိသုဒ္ဓိ ဖြစ်ပြီး ဝိစိကိစ္ဆာကို ပယ်ခွာပါတယ်။

WWW.DHAMMARANSI.COM

တွေပါတကား။

(ဒုဋ္ဌ - တုဆ္ဆ - ကုစ္ဆိတ - ဒုက္ခမန - ဘယတ္ထ အဖွင့် အတိုင်း ပြန်ဆိုပါသည်။)

ရူပံ အနတ္တာ ။ ရူပံ-အကောင်မဟုတ်ဘဲ အကောင် ကဲ့သို့ ထင်ရသော မဟာဘုတ်ဥပါဒါရုပ်တို့၏ အပေါင်းအစု အလုံးအထွေး အစုအဝေးရုပ်တရားတွေသည်။ အနတ္တာ -ငါမဟုတ်၊ ငါ့ဟာမဟုတ်၊ အကောင်မဟုတ်၊ အရှင်မဟုတ်၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက်၊ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးရသူမရှိသော တရားတွေပါတကား။

နာမံ အနိစ္စံ။ နာမံ - အကောင်အခဲမဟုတ်သော အသိနာမ်သည်။ အနိစ္စံ - ရှိတဲ့၍မရှိ၊ ပေါ်တဲ့၍ပျောက်၊ ဖြစ်တဲ့၍ ပျက်၊ ရေပွက်လျှပ်စစ်တို့ကဲ့သို့ အပြတ်အပြတ် အတစ်အတစ် အသစ်အသစ် ဖြစ်ပျက်မစဲ အမြဲမရှိသောတရားတွေပါတကား။

နာမံ ဒုက္ခံ။ နာမံ-အကောင်အခဲမဟုတ်သော အသိနာမ်သည်။ ဒုက္ခံ-ဖြစ်ပျက်ဖန်ဖန်မခံမသာ ရောဂါဝေဒနာအမျိုးမျိုး ဘေးရန်အမျိုးမျိုးတို့၏ မှီခိုစွဲကပ်ရာဖြစ်၍ ထိတ်ဖွယ် လန့်ဖွယ် ကြောက်ရွံ့ဖွယ် ဒုက္ခမျိုးတွေ

ပါတကား။ နာမံအနတ္တာ။နာမံ-အကောင်အခဲမဟုတ်သော အသိနာမ်သည်။ အနတ္တာ-ငါမဟုတ်၊ ငါဟာမဟုတ်၊ အကောင်မဟုတ်၊ အရှင်မဟုတ်၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက်၊ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ အစိုးရသူမရှိသော တရားတွေပါတကား။

ဤကဲ့သို့ မိမိအားထုတ်သော သမာဓိဖြင့် ခန္ဓာကိုယ်၌ စူးစိုက်ဆင်ခြင်သုံးသပ်ရှုမှတ်သောဉာဏ်သည် သမ္မသနဉာဏ် မည်ပါသည်။ ရုပ်နာမ်တို့၏အဖြစ်အပျက်ကို အကြမ်းစားရှုမှတ်သော ဉာဏ်ဟုဆိုရပါ မည်။

စူဠဋ္ဌသောတာပန်ဖြစ်ပြီ ။ ။ဒီဉာဏ်သုံးဉာဏ်နှင့်ပြည့်စုံသွားလျှင် သာသနာတော်၌ သက်သာရာထောက်တည်ရာရသွားပြီမို့ ဒီအကျင့်မြဲရင် တစ်ဘဝလောက်တော့ အပါယ်မကျဘဲ သုဂတိဘဝဆိုတဲ့ ဂတိတော့မြဲသွားပြီဖြစ်တဲ့အတွက် ယောဂီတို့အား မြတ်စွာဘုရားက **"စူဠဋ္ဌသောတာပန်"** ဆိုတဲ့ သောတာပန်အငယ်စားဘွဲ့တံဆိပ် ပေးလိုက်ပါပြီ။ ဒါ- ဘုရားပေးတဲ့ဘွဲ့ပါ။ ပိုက်ဆံမကုန်ပါ။ လျှောက်လွှာမတင်ရပါဘူး။ ရင်ထဲနှလုံးထဲမှာ လုံခြုံအောင်အမြဲသိမ်းဆည်းထားရမည့်ဘွဲ့ပါ။

WWW.DHAMMARANSI.COM

ကမ္မိနာပန ဉာဏေန သမန္နာဂတော ဝိပဿ ကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

ကမ္မိနာပန ဉာဏေန - ဤနာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်သုံးပါးနှင့်။ သမန္နာဂတော-ပြည့်စုံအောင်အားထုတ်ပြီးသော။ ဝိပဿကော-ဝိပဿနာတရားကို ပွားများနေသော ယောဂိပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ-မြတ်စွာဘုရားသာသနာတော်မြတ်၌။ လဒ္ဓဿာသော-ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော-ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော -အပါယ်လေးပါးသို့မကျမရောက် ကောင်းမြတ်သော သုဂတိဘဝဟူသောလားရာဂတိ မြဲသည်ဖြစ်၍။ စူဠသောတာ ပန္နောနာမ - စူဠသောတာပန် မည်သည်။ ဟောတိ-စင်စစ်မသွေဖြစ်ရလေတော့သတည်း။

ပရမတ္ထတောသာသနေ အဿာသောနာမ အရိယဖလံ။ ပတိဋ္ဌာနာမ အရိယမဂ္ဂေါ။ ယံပန အနဓိဂတမဂ္ဂ ဖလောပိကဒဓိဂမုပါယ ပဋိပတ္တိယံဌိတတ္တာ

လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော တိဝုတ္တံ။

(ဝိသုဒ္ဓိမဂ်မဟာဋီကာ)

ဤဌ်ပရမတ္ထအားဖြင့်ဆိုရမူ - သာသနာတော်၌ သက်သာရာရသွားပြီဆိုတာ အရိယဖိုလ်ကို ရည်ရွယ်ပါသည်။ ထောက်တည်ရာရသွားပြီဆိုတာက အရိယမဂ်ကိုဆိုလိုပါသည်။ ဒီဉာဏ်သုံးဉာဏ်နှင့် ပြည့်စုံအောင်အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် မဂ်ဖိုလ်မရသေးသော်လည်းမဂ်ဖိုလ်ရဘို့ရန် အကျင့် ပဋိပတ်၌ တည်သည်၏အဖြစ်ကြောင့်။ ဝါ - မဂ်ဖိုလ်ရအောင်ကျင့်နေတာဖြစ်သည့် အတွက်ကြောင့် ထောက်တည်ရာရှိသည်ဟု။ ဘဂဝါ-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါ စ-ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။ သာဓု-သာဓု-သာဓု။

WWW.DHAMMARANSI.COM

မြင်ရတာလည်းအင်မတန်ဝမ်းသာအားရရှိလှပါတယ်။ ၉၀% လောက် ရင့်ကျက်တဲ့ ကာယိန္ဒြေနဲ့ ပွားများအားထုတ်တာမြင်ရတော့လည်း သာဓုခေါ်ပါတယ်။

သက္ကာယဒိဋ္ဌိမပြုတ်သမျှ ငရဲတင်းကုတ်

အဲဒီတော့ ယောဂီများ ယခုလိုပွားများအားထုတ်တဲ့ အချိန်ကာလအတွင်းမှာ ရုပ်ပဲ၊ နာမ်ပဲ ကွဲပြားအောင် ပွားများဆင်ခြင်လို့ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲ လက္ခဏာတွေကို တင်ပြီးဆင်ခြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်လေတော့ ခုနရွတ် ပွားခဲ့တဲ့ "စူဠသောတာပန်"ဆိုတဲ့ "အဇယ်စားသောတာပန်" အဆင့်ကိုရောက်ကြရပြီပေါ့။ သို့ပေမယ့် စိတ်မချရသေးဘူး လေ၊ တစ်ဘဝတာလောက်နဲ့တော့ စိတ်မချရသေးဘူး။ "ငြဟ္မာ့ပြည်တဝင်းဝင်း ဝက်စားကျင်းတရုံ့ရုံ့"ဆိုတာလိုပဲ အထက်ဘုံအထိအောင် ငြဟ္မာ့ဘုံထိအောင်တက်ပြီးတော့ နောက်ပိတ်ဆုံး ဝက် ဖြစ်ရတဲ့ဘဝတောင်မှ ရောက်ရသေးတယ်ဆိုတော့ သံသရာကလွတ်တာက သက္ကာယဒိဋ္ဌိလုံးလုံးပြုတ်ကာမှ သံသရာကလွတ်တာ၊ ဒီအသိ၊ ဒီအကျင့်လေးမြဲသွားရင် တစ်ဘဝတာလေးသာ လွတ်ဦးမှာလေ၊ နောက်ဘဝတွေ စိတ်မချရသေးဘူး။

သက္ကာယဒိဋ္ဌိ ခွာပုံ (၁)

တရားပြဆရာတွေကိုလည်း နာရီဝက်အပြင် မဟောရဘူးလို့ အားလုံးစည်းကမ်းသတ်မှတ်ထားလို့ ဆရာ ကိုယ်တိုင်လည်း နာရီဝက်အပြင် ပိုမဟောပါဘူး။ အလုပ် ပေးတရားဆိုတော့ ပဋိပတ္တိဌာနမှာ ပဋိပတ်ကို ရှေ့တန်းတင်ထားပြီး ဆရာတွေအမြဲတမ်းဟောကြားရမှာဖြစ်ပါတယ်။

ခုနတုန်းကလည်း ယောဂီတို့ နာရီဝက်လောက် အားထုတ်ပြီးတော့မှ ပဋိပတ်ကိုရှေ့တန်းတင်ပြီး ပရိယတ်နဲ့ဟပ်ပြီး ဟောခဲ့တယ်။ အဲဒီအတိုင်းပဲ အခု အချိန်ပိုင်းကိုလည်း ပဋိပတ်ရှေ့တန်းတင်ထားမယ်။

ခန္ဓာဉာဏ်ရောက် ဓာတ်ပေါက်သိမြင် စာစဉ်အတိုင်း ဓာတ်ပေါက်သိမြင်အောင် ပရမတ်ဓာတ်တွေမြင်အောင်ကြည့်ပြီးတော့မှ လက္ခဏာရေး ၃-ပါးဆင်ခြင်ကာ ဝိပဿနာဉာဏ်အရာဝင်ပါတယ်။ အဲဒီအသိလေးမြဲသွားအောင် ကြိုးစားအားထုတ်ကြပါ။

ယောဂီများ ဝိပဿနာတရားပွားများအားထုတ်တာ နာရီဝက်အချိန်ပြည့်သွားပါပြီ၊ ဆရာ့အနေနဲ့ တွေ့ရ

WWW.DHAMMARANSI.COM

လေပွေလေကြမ်း လေသရမ်းမှာပါလာတဲ့ သစ်ရွက်ခြောက်ဟာ ဘယ်နေရာကျမယ်လို့ ကျိန်းသေမသိသလိုပဲ။ မိမိဘဝတာ ဘံသရာဘေးကလွတ်ပြီး အပါယ်ဘေးကလွတ်ဖို့ အရေးကတော့ သင်္ကာယဒိဋ္ဌပြုတ်မှလို့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာမှာလည်း အလေးအနက်ထားပြီး ဟောကြားတော်မူတာက - "ဝိပဿနာတရား အကြိမ်ပေါင်းများစွာ ပွားများသော်လည်း သင်္ကာယဒိဋ္ဌမပြုတ်သေးသမျှတော့ ငရဲတင်းကုပ်ပါပဲ"တဲ့၊ အပါယ်ဘေးကမလွတ်သေးဘူးလို့ အလေးအနက် မိန့်ကြားတော်မူထားတယ်လေ။

အဲဒီလိုပဲဗျ လယ်တီဆရာတော်ဘုရားကြီးရဲ့ စာသားမှာလည်း တဒင်္ဂပဟာန်လောက်သိရုံနဲ့ အပါယ်ဘေးကမလွတ်သေးဘူး။ သင်္ကာယဒိဋ္ဌပြုတ်မှ အပါယ်ဘေးကလွတ်မယ်လို့ အခိုင်အမာ ဆိုထားတယ်လေ။

အဲဒါလည်း ဗုဒ္ဓရဲ့ဩဝါဒကထာစကားကြီးကို မှီငြမ်းပြုပြီးတော့ ဘယ်ဆရာတော်ဘုရားပဲဖြစ်ဖြစ် ဗုဒ္ဓတရားကိုမှီငြမ်းပြုပြီး ဟောကြားရမှာကိုး၊ ဒီတော့ တဒင်္ဂပဟာန်လောက်ကွာရုံနဲ့ အပါယ်ဘေးက မလွတ်သေးဘူးဆိုတာကို ဟောဖော်ထားတဲ့ ဒေသနာတော်မှာဆိုရင်

တော့ လက်ာစာသားလေးက -

"ဒိဋ္ဌိ သင်္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊ စူဠသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ မဟာသောတာပန်၊ အပါယ်လေးပါး၊ တံခါးပိတ်ပြီး၊ နှစ်ဖွာနှစ်ဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ် ဝိသာခါအနာထပိဏ်တို့လို ဖြစ်နိုင်တယ်"လို့ ဆိုထားတယ်။

ရင်ဝလှံစူး ထိပ်ဦးမီးလောင်

အပါယ်ဘေးက မလွတ်သေးတာကိုလေ ဘယ်လို ဥပမာပြထားသလဲဆိုရင် မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်ကို မှီငြမ်းပြုပြီးတော့-

"ဒိဋ္ဌိသင်္ကာယ မကွာသမျှ လေးဝအပါယ် ရောက်ဦးမယ်၊ နှင်ဝယ်သတိထား။ သို့အလားကြောင့် မြတ်စွာဘုရားက ရင်ဝလှံစူး ထိပ်ဦးမီးလောင် မရှောင်အဟုတ်နောက်မဆုတ်ဘဲ အားထုတ်ကြရန် သဘောကို **သတ္တိယာ ဝိယ ဩမဇ္ဈော** ဟု ဟောကြားတော်မူခဲ့ပါပြီတကား"လို့ ဟောတော်မူချက်က ဒေသနာတော်မူရင်းမှာ ဘယ်လိုအဓိပ္ပါယ်ပြောထားသလဲဆိုရင် -

WWW.DHAMMARANSI.COM

ရင်ဝမှာလှံစူးနေသူ ပုဂ္ဂိုလ်တစ်ဦးဟာတဲ့ လှံကို အရင်ဆွဲမနှုတ်ပါနဲ့ဦးတဲ့၊ ဘာဖြစ်လို့လဲဆိုရင်ဖြင့် ဒီလှံဟာ ဒီဘဝတာသာသေမှာတဲ့ သက္ကာယဒိဋ္ဌိက ဘဝများစွာ သေဦးမှာတဲ့။

ယောဂီတို့ရေ ခင်ဗျားတို့ ရင်ဝမှာလှံလာစူးရင် ငြိမ်ခံနေကြမလား၊ မြန်မြန်ဆွဲနှုတ်မလား လို့မေးရင် ကောဗျာ၊ မြန်မြန်ဆွဲနှုတ်ကြမှာ၊ ဘာဖြစ်လို့လဲဆို ရင်ဖြင့် သေမှာကြောက်လို့၊ အဲဒီလှံက ဒီတစ်ဘဝတာ သာသေမှာပါ၊ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ ရှိကြရင်ဖြင့် ဘဝများစွာ သေဦးမှာကြောင့် သက္ကာယဒိဋ္ဌိ အရင်ပြုတ် အောင်ဖြုတ်ပါတဲ့။

နောက်တစ်ခါ ဒါမှ သတိမရသေးရင်ဖြင့် ခင်ဗျားတို့ ခေါင်းပေါ်မှာ မီးလောင်နေရင် ငြိမ်ငြိမ်လေးနေမလား? ပုတ်ထုတ်မလား? ပုတ်ထုတ်ကြမှာပါပဲ၊ အေးအဲဒီမီးဟာ ဒီတစ်ဘဝလေးမှာသာ သူ့ကိုအရင် မသတ်နဲ့ဦးတဲ့၊ သက္ကာယဒိဋ္ဌိအရင်ပြုတ်အောင်ဖြုတ်ပြီးတော့မှ မီးကိုသတ်ပါလို့ ဘုရားကမှာခဲ့တယ်ဗျ။

အဲဒါလေးကိုပဲ ရှေးဦးစွာ ပဏာမတင်ပြီးတော့ စကားစဉ်ဝင်ကြပါစို့လေ။ ဘုရားရှင်မှာခဲ့တဲ့ ဒေသနာ

တော်ကြီးကို ရှေးဦးစွာတင်ပြရရင်ဖြင့် သံယုတ္တနိကာယ်ပါဋ္ဌိတော်မှာ (ဟောစဉ်စာအုပ် စာမျက်နှာ ၁၂၄ ဆက်ပါ) -

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဥယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိံ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

(သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ ၁၂)

သတ္တိယာ - အသွားနှစ်ဖက်၊ မြမြထက်လှ၊ သံလှံမကြီးနှင့်၊

ဩမဋ္ဌောဝိယ - အထိုးခံလိုက်ရသောသူကဲ့သို့လည်းကောင်း၊

မတ္ထကေ - ဦးခေါင်းထက်၌၊

ဥယှမာနောဝ - ဟူးဟူးပြောင်ပြောင်၊ မီးလောင်သည့်ဘေး ရေးကြီးသုတ်ပြာ၊ ဝေဒနာခံခက်သူကဲ့သို့ လည်းကောင်း၊

သတော ဘိက္ခု- သတိပညာ၊ ထင်စွာပြုတတ်၊ သူတော်မြတ်သည်၊

သက္ကာယဒိဋ္ဌိံ - ဘဝများစွာ၊ သံသရာတစ်ခွင် သူစူး

WWW.DHAMMARANSI.COM

ဝင်လျက် လေးခွင်ပါယ်ရပ် ကျစေ
တတ်ရေး သက္ကာယဒိဋ္ဌဆိုတဲ့ ဘေး
ဆိုးကြီးကို၊

ပဟာနာယ - မြတ်သောတာပန် အခြေခံလျက် အ
မြန်ပယ်နှုတ်အမြစ်ပါပြုတ်စေခြင်းငှာ၊

ပရိဗ္ဗဇေ (ပရိဗ္ဗဇေယျ) - အပျင်းတွေကို ဖြုတ် မဟုတ်
တာတွေကိုပယ် ဟိုနယ်ဒီနယ် အငြင်း
မသန်ကြပါနဲ့တော့၊ အပြင်းအထန်
မြန်မြန်ကြီး အားထုတ်ကြရာတော့
သတည်း။

ဘယ်အဆင့်ကျမှ လွတ်မတဲ့တုံး၊ သောတာ
ပန်ဖြစ်မှ လွတ်မယ်တဲ့၊ ယောဂီတို့ အိမ်မှာငါရှိမှ ဖြစ်မှာ
ပါ၊ ငါမရှိရင် မဖြစ်ပါဘူး၊ ဟုတ်ရဲ့လား? သြော် - ဘာ
ကိစ္စလေးကကျန်သေးတာနဲ့ အဲဒီလို လုပ်နေရင် အပါယ်
ဘေးကလွတ်ပါ့မလား၊ သက္ကာယဒိဋ္ဌ ဘယ်လောက်
ဆိုးညစ်သလဲ၊ အပါယ်ဘေးက မလွတ်သေးဘူး၊ ဟုတ်ကဲ့
လား။

အပါယ်ဘေးဆိုတာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ
ရယ်၊ အသူရကာယ်ရယ် အဲဒီဘုံကို ရောက်ချင်သလား

မေးရင် ရောက်ချင်တဲ့သူပါလား? မပါပါဘူး၊ မပါရင်
မရောက်ချင်ရင် မြန်မြန်လုပ်လို့ပြောတာ၊ ကဲ မြန်မြန်
လုပ်ဆိုတာက အပြောနဲ့လုပ်လို့မဖြစ်ဘူး၊ သဘောနဲ့
ပိုင်အောင် လုပ်ကြစို့နော်ဗျာ၊ ဘယ်လိုသဘော နဲ့လုပ်ကြ
မတုံး?။

မြင်စရာအဆင်းနဲ့ ဒီကမျက်စိအကြည်လေးနဲ့
တိုက်ဆိုင်တဲ့အချိန် မျက်စိက အလင်းမရရင် မမြင်ရပါ။
မြင်စရာ အဆင်းနဲ့ မြင်စရာစက္ခု၊ မျက်စိအကြည်လေးနဲ့
အလင်းမာတ်နဲ့ ရှိတဲ့အခါမှာ တိုက်ဆိုင်တော့ ဘာဖြစ်သ
တုံး? မြင်သိစိတ်ဖြစ်တယ်။ အဲဒီနေရာလေးမှာ ဉာဏ်
သွင်းကြစို့၊ သက္ကာယဒိဋ္ဌဖြုတ်ကြစို့။

သက္ကာယဒိဋ္ဌိ

မြင်စရာအဆင်းက ရုပ်လား နာမ်လား? ရုပ်၊
မြင်စရာအဆင်းကလည်း ရုပ်၊ စက္ခုပသာဒခေါ်တဲ့
မျက်စိကလည်း ရုပ်၊ ရုပ်နှစ်ခု တိုက်ဆိုင်လိုက်တော့
မီးခြစ်ဆံနဲ့ ယမ်းကပ်နဲ့တိုက်လိုက်တော့ ရဲကနဲ မီး
တောက်ကြီးဖြစ်သလို မြင်သိစိတ်ဖြစ်တာက နာမ်၊ ရှင်းရဲ့

WWW.DHAMMARANSI.COM

လား? ရှင်းပါတယ်နော် တစ်ပိုဒ်စီနော် . . . . .

မြင်စရာရူပါရုံက ဘာတဲ့တုံး? ရုပ်လား နာမ်လား? ရုပ်တရားပေါ့။ မျက်စိဆိုတဲ့ စက္ခုပသာဒလေးက လည်း ရုပ်တရား၊ အဲဒီရုပ်တရားနှစ်ခု တိုက်ဆိုင်လိုက်တော့ မီးခြစ်ဆံနဲ့ ယမ်းကာ်နဲ့ထိလိုက်တော့ ရဲ့ကနဲ မီးထတောက်သလို မြင်သိစိတ်လုပ်တာက နာမ်တရား။

အဲဒီမြင်သိစိတ်ဖြစ်တာကို "ငါမြင်တယ်"ပြော တယ်၊ ဟုတ်ကဲ့လား? ငါရှိရဲ့လား? ရုပ်နဲ့နာမ် နှစ်ခု အလုပ်လုပ်တဲ့ကိစ္စမှာ မြင်သိစိတ်ဖြစ်တာကို "ငါမြင် တယ်"ပြောတယ်၊ မှန်သလား၊ မှားသလား? ဒါဖြင့် အမှန်တရားက ရုပ်နဲ့နာမ်နှစ်ခု အလုပ်လုပ်တဲ့ကိစ္စမှာ မြင်သိစိတ်ကိစ္စဖြစ်တာကို "ငါမြင်တယ်"လို့ ပြောသင့် သလား? (မပြောသင့်ဘူး)။

ငါဆိုတဲ့ အသုံးက အမေမွေးကတည်းက သုံးလာ တယ်၊ သမုတိသစ္စာနယ်မှာတော့ သုံးရပေ လိမ့်မယ်၊ ပရမတ္ထသစ္စာနယ်မှာတော့ တရားမှတ်တဲ့ အချိန်မှာ ငါမြင်တာမဟုတ်ဘူး၊ ရုပ်နဲ့နာမ် အလုပ်လုပ် ကြတာလို့ သဘောပေါက်ရမယ်၊ ရှင်းပြီလား၊ ငါရှိသေး သလား? (မရှိပါဘူး)။ မြင်သိကိစ္စမှာ ငါ ပါသလား၊ (မပါပါဘူးနော်)။

ဟုတ်ပြီ၊ ဒါဖြင့် ကြားကိစ္စမှာလဲ ထို့အတူပါဘဲ၊ နံကိစ္စ၊ ရသာကိစ္စ၊ ထိကိစ္စ၊ တွေးသိကိစ္စတို့မှာလည်း ထို့အ တူပါပဲပေါ့၊ ငါအစွဲပြုတ်အောင် အမှတ်သတိ အမြဲရှိဖို့ လိုပါတယ်။

ခြောက်ချက်သော အာရုံတွေက ရုပ်နဲ့နာမ်ကိစ္စ၊ ရုပ်-ရုပ်ချင်းတိုက်ကာမျှသာ နာမ်က သိကိစ္စတွေကို တစ်စ မကျန် လုပ်တာကိုငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါ အရသာသိတယ်၊ ငါ ထိတွေ့သိတယ်၊ ငါ တွေးကြံသိ တယ်လို့ အသိလေးတွေက မှားမလာ ဘူးလား? (အယူမှား အမှတ်မှား အစွဲမှား) ဘာအမှား တုံး? (ဒိဋ္ဌ) ဟုတ်ပြီလား၊ အမှန်ရှိနေတာက ရုပ်ကိစ္စနဲ့ နာမ်ကိစ္စသာရှိနေတာကို မရှိတဲ့ ငါ သုံးလိုက်တာ စွဲလိုက်တာ ဒိဋ္ဌပါပဲ၊ အေး . . . ဒါ ကြောင့်မို့ သက္ကာယ ဒိဋ္ဌလို့ ခေါ်တယ်။

ဟော တစ်ပိုဒ်စီ တစ်ပိုဒ်စီဝင်လာပြီ သက္ကာယ ဒိဋ္ဌဆိုတာက သ=ထင်ရှားရှိလေသော၊ ကာယော=ရုပ် နာမ်အစု (၀၂) ခန္ဓာငါးပါးအစု၊ ဒိဋ္ဌ=မရှိတဲ့ ငါအစွဲများ၊ အမှတ်များ၊ အယူများ။ စုပေါင်းဘာသာပြန်လိုက်တော့ ထင်ရှားရှိနေတဲ့ ခန္ဓာငါးပါးအစုကြီးကို မရှိတဲ့ ငါ အစွဲ

WWW.DHAMMARANSI.COM

မ်ား အမှတ်မ်ား အယူမ်ားပေါ့။

အဲဒီသက္ကာယဒိဋ္ဌရှိသမျှကာလပတ်လုံး အပါယ်ဘေးက လွတ်ပါ့မလား? (မလွတ်ပါဘူး)။ ဒါကြောင့် မြတ်စွာဘုရားသခင်က သက္ကာယဒိဋ္ဌလွတ်အောင် အမြန်ဆုံး အားထုတ်ကြဖို့ မှာခဲ့တယ်၊ အဲဒီတော့ ရုပ်နဲ့ နာမ်မှတစ်ပါး ငါ ရှိသေးသလား? (မရှိပါဘူး)၊ ဒါကြောင့် "ရုပ်နာမ်မှတစ်ပါး ငါမရှိ" ရှိသေးသလား? "လူမရှိ" ပရမတ်အနေနဲ့ကြည့်ရင် လူဆိုတာရှိသေးလား၊ ပရမတ်မာတ်ခံရုပ်နဲ့ နာမ်သာရှိတယ်၊ မာတ်ကြီး ၄-ပါးအစုနဲ့ နာမ်အစုသာရှိတယ်။ "ငါမရှိ၊ လူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ" သတ္တဝါဆိုတာ ရှိသေးလား? (မရှိပါဘူး)၊ နာမပညတ်လဲ အကုန်လုံး လူလဲ သတ္တဝါပဲ၊ နတ်လဲ သတ္တဝါပဲ၊ ခွေးလဲ သတ္တဝါပဲ၊ ဘဲ ကြက်လဲ သတ္တဝါပဲ၊ အားလုံး သတ္တဝါလို့ စုပေါင်းခေါ်ထားတာ။ ရုပ်နဲ့နာမ်တွဲနေသမျှကို သတ္တဝါလို့ ခေါ်တယ်။

"ငါမရှိ၊ သူမရှိ၊ လူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ မရှိတာသိ မှားမငြိ၊ ဒိဋ္ဌကွာမည်သာ"

ဘာဒိဋ္ဌကွာပါလိမ့်? သက္ကာယဒိဋ္ဌကွာပါသည်။ သက္ကာယဒိဋ္ဌကွာရင် အပါယ်ကလွတ်ပြီ၊ သက္ကာယဒိဋ္ဌ

မကွာရင် ငရဲတင်းကုတ်ပဲလို့ မိုးကုတ်ဆရာတော်ဘုရားကြီးကလဲ ဒီနည်းအတိုင်း ဟောခဲ့တာပဲ။ ဘုရားရှင်မှာခဲ့တဲ့ ဒေသနာတော်ကြီးကို ခုနက "သတ္တိယာ ဝိယ ဩမဒ္ဒော"ဆိုတဲ့ ဒေသနာတော်ကြီးကို ထောက်ပြီးတော့ အားလုံးသောဆရာတော်ကြီးများက သက္ကာယဒိဋ္ဌကွာဖို့ အရေးကြီးကြောင်းကို ဟောတော်မူခဲ့ကြပါတယ်။ ရှင်းပြီလား?

ရုပ်နာမ်မသိ ငါအရှိ

လယ်တီဆရာတော်ဘုရားကြီးရဲ့ စာသားလေး ကို ပြန်သရုပ်ဖော်ကြဦးစို့ "နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ ဧကန်မုချ၊ မသိကြ၍၊ ငါထ ငါထိုင်၊ ငါကိုင် ငါသွား၊ ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊ မာတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌ စွဲလမ်းမှုကြီးပါတကား"

နာမ်နဲ့ရုပ်နှစ်ပါးကိုပဲ ဧကန်မုချမသိကြ၍ ယောဂီတို့တတွေ တရားကျင့်နေကြပေမယ့်လို့ နာမ်နဲ့ရုပ် အလုပ်လုပ်မှန်းခဲ့ခြားမသိကြလို့ "နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ ဧကန်မုချ၊ မသိကြ၍ ငါထ ငါထိုင်" အဲဒီ

WWW.DHAMMARANSI.COM

လို့ သဒ္ဒါရုံနဲ့ သောတ-နားအကြည်နဲ့ တိုက်ဆိုင်လို့ကြား တာကို ငါကြားတယ်လို့ ပြောကြတယ်၊ "အို-ငှါနားနဲ့ ဆတ်ဆတ်ကြားခဲ့တာပါ"လို့တောင် ဝိသေသထည့် ထပ်ပြောကြသေးတယ်၊ ငါဆိုတဲ့ စကားလုံးထဲမှာ ရုပ်နဲ့ နာမ် ကြားတာကိုပဲ "ငှါနားနဲ့ ဆတ်ဆတ်ကြားလိုက်တာပါ"လို့ ပြောကြသေးတယ်။

"ငါကြား ငါကြည့်" ငါကြည့်တာလား? ရုပ် ရုပ်ချင်း တိုက်ဆိုင်လို့ ကြည့်စိတ်ဖြစ်တာလား? "ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊ ဓာတ်ဖြစ်အင်ကို" ပြန်ချုံ့လိုက်ပြီး ဓာတ်နှစ်ခု အလုပ်လုပ်နေတာကို ဘာဓာတ်တွေတုံး၊ ရုပ် ဓာတ်နဲ့ နာမ်ဓာတ်တွေ အလုပ်လုပ်နေတာကို "ဓာတ် ဖြစ်အင်ကို ငါပင်မုချ မှတ်ထင်ကြသည်" ရုပ်ဓာတ် နာမ် ဓာတ် အလုပ်လုပ်ခဲ့တာ မှန်သမျှကို ငါလို့ မှတ်ထင်ခဲ့ကြ တယ်၊ အမှတ်လွဲခဲ့ကြတယ်၊ အသိလွဲခဲ့ကြတယ်၊ အယူလွဲ ခဲ့ကြတယ် ဟုတ်ပြီလား?။ "ဓာတ်ဖြစ်အင်ကို ငါပင်မုချ မှတ်ထင်ကြသည် သက္ကာယဒိဋ္ဌိ စွဲလန်းမှုကြီးပါတကား"

အဲဒီလို အယူလွဲ၊ အမှတ်လွဲမှုဟာဖြင့် သက္ကာယ ဒိဋ္ဌိတန်းလန်းမဖြစ်အောင် ငါပြုတ်တဲ့နည်းနဲ့ ငါမဟုတ် တဲ့ ရုပ်နဲ့နာမ်အမှုသာလို့သိရင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊

နေရာမှာ ငါ ထ သလား? ငါ ထိုင်သလား? ရုပ်ထတာ၊ ရုပ်ထိုင်တာ၊ သို့ပေမယ့် အမေတွေ့ အဖေတွေ့ကလည်း ငါထတယ်၊ ငါထိုင်တယ်လို့ ပြောတော့ ကိုယ်ကလဲ လိုက် ပြီးတော့ ငါထတယ်။ ငါထိုင် တယ်နဲ့ပဲ သုံးခဲ့တယ်။ ဟုတ် ပြီလား?

အရှိ အရှိအတိုင်း မသိဘဲနှင့် အဝိဇ္ဇာဖုံးထားပြီး တော့ လုံးလုံးမသိအောင် အမှောင်ချထားလေတော့ ငါဆိုတဲ့ စကားလုံးကြီးက ရှေ့ကထိပ်ကတက်နေတယ်၊ ရှင်းရဲလား? "ငါထ ငါထိုင်" ရုပ်ထ ရုပ်ထိုင်၊ နာမ်ထ နာမ်ထိုင်၊ နာမ်က ထချင်တော့ ရုပ်ကထရတယ်၊ နာမ် ကထိုင်ချင်တော့ ရုပ်က ထိုင်ရတယ်၊ အဲဒါကို ငါထ ငါ ထိုင်လို့ ပြောနေကြတယ်။

နောက်တစ်ခါ စာသားလေးက "ငါကိုင် ငါ သွား" ငါကိုင်တာလား? နာမ်ကကိုင်ချင်လို့ ရုပ်ကလိုက် ပြီးကိုင်ရတာ၊ ဟုတ်ပြီလား?

ငါသွားကျတော့ကော နာမ်ကသွားချင်တဲ့စိတ် ပေါက်လို့ ရုပ်ကသွားရတယ်၊

"ငါကြား ငါကြည့်" ငါကြားတာလား၊ရုပ်နှစ်ခု ထိလို့ ကြားစိတ်ပေါ်လာတာလား၊ ရုပ်နှစ်ခု တိုက်ဆိုင်

WWW.DHAMMARANSI.COM

ရမဲ့ ငါ၊ ငါကိုသုံးတော့သုံးရမယ်၊ မစွဲရဘူးပေါ့၊ ငါဆိုတဲ့ အစွဲကြီး မစွဲရဘူး၊ သုံးသင့်တာတော့ သုံးရမယ်လို့ သိထားရမယ်နော်။

သမုတိသစ္စာနယ်နဲ့ ပရမတ္ထသစ္စာနယ်ကို ဟိုဖက်ဒီဖက် နင်းကန်မကန်ရဘူး၊ သုံးသင့်သလောက် သုံး၊ မစွဲနဲ့နော်၊ သက္ကာယဒိဋ္ဌိပြုတ်ကာမှ ငရဲတင်းကုတ်ကလွတ်မှာနော်၊ အေး-ဒီတော့ "ငါ"ဆိုတဲ့ အစွဲကြီးခေတ္တခဏဖြုတ်လို့ မရဘူးလား၊ အသိကလေးနဲ့ ပြုတ်မနေဘူးလား၊ အေး-အိမ်ပြန်ရောက်တော့ "ငါ"ပေါ့၊ ငါ့သားတွေရော၊ ငါ့သမီးတွေရော၊ ငါ့ဥစ္စာတွေရော ပြန်ဖြစ်မှာပေါ့၊ ခေတ္တခဏ ဒီနေရာလေးမှာ ပြုတ်ဦးပေါ့၊ ဖြုတ်လိုက်ခွါလိုက်၊ ကပ်ခွါပေါ့၊ အေး-အဲဒီလိုသွားရတော့မှာပေါ့။

သောတာပန်ဆိုတာ

ခေတ္တခဏခွါတော့ စူဠသောတာပန်လေ၊ တဒင်္ဂပဟာန်လို့ ခေါ်တယ်။

တဒင်္ဂပဟာန်ခွါဖန်များတော့ မိနစ်ပိုင်းတွေ နာရီပိုင်းတွေ ခွါဖန်များတော့ ဝိက္ခမ္ဘနပဟာန်၊ မိနစ်ပိုင်းတွေ၊ နာရီပိုင်းတွေက ပိုပြီးတော့ ရက်ပိုင်းတွေ၊ လပိုင်း

သို့ပေမယ့်လို့ ငါပြုတ်တဲ့အလုပ်မှာ တကယ့်ကို အသိညာဏ်နဲ့ "သြော် ရုပ်ကိစ္စနဲ့ နာမ်ကိစ္စမျှသာလို့" အသိသက်သက်နဲ့ ငါပြုတ်ပြီးတော့ သမုတိသစ္စာနယ်မှာတော့ သုံးသင့်တာတော့ သုံးရမယ်၊ အေး - အဲဒီလိုသိရမယ်၊ သုံးတော့သုံး၊ မစွဲနဲ့နော်၊ သို့မဟုတ်ရင် တစ်ဖက်စောင်းနင်းကျသွားမယ်၊ ငါမသုံးရတော့ ဒုက္ခများကုန်ရော၊

ငါမဟုတ်တဲ့ ကျွန်တော်

အဲဒါကိုပဲ ဥပမာပြရရင် ကမ္မဋ္ဌာန်းတိုက်တစ်တိုက်မှာ အဖိုးကြီးတစ်ယောက်က သွားပြီး ကမ္မဋ္ဌာန်းဘာရားအားထုတ်တယ်၊ ပြန်လဲလာရော မြေးက -

"အဖိုးရေ ထမင်းစားရအောင်"

ခေါ်လိုက်တော့ အဖိုးကပြန်ပြောတယ်၊

"အေးဗျာ၊ ကျွန်တော်လာခဲ့ပါ့မယ်"

မြေးက အဖိုးကရိပ်သာကပြန်လာပြီး -

"အေးဗျာ ကျွန်တော် လာခဲ့ပါ့မယ်"

လို့ ဘယ့်နှယ်ပြောတာလဲလို့ မေးတော့ -

"ဒို့ရိပ်သာက ငါ မသုံးရဘူးလို့ ပြောလို့ကွ"

ဆိုတဲ့ ငါမသုံးတာမျိုးမဟုတ်ဘဲ အသိတရားနဲ့ ပယ်ထား

WWW.DHAMMARANSI.COM

တွေ၊ နှစ်ပိုင်းတွေထိ ခွါနိုင်သွားရင် သမုဒ္ဓေဒပဟာန်၊ အဲဒီတော့ လယ်တီဆရာတော်ဘုရားကြီးရဲစာသားနဲ့ ပြန်ပြီး ဆက်လိုက်ရရင် "ဒိဋ္ဌိသင်္ကာယ တဒင်္ဂပဟာန်ကွာပြန်မှုက စူဠသောတာပန်၊ သမုဒ္ဓေဒပဟာန် ကွာပြန်ငြားကာ မဟာသောတာပန်၊ အပါယ်လေးပါး တံခါးပိတ်၍ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ် ဝိသာခါ အနာထပိဏ်တို့လို ငါတို့ဖြစ်ရချေမည်တကား" အဲဒီစာသားလေးနဲ့ ဆက်လိုက်တော့ အပါယ်တံခါးပိတ်တဲ့ သောတာပန်ကြီး ဖြစ်သွားပြီလေ။

ကဲ - သောတာပန်ဖြစ်ပုံကို ဟောလိုက်ပြီမို့ ကြိုးစားကျင့်ပွားကြရန်အတွက် ဆုတောင်းနဲ့ နိဂုံးချုပ်လိုက်ပါဦးမည်။

ဆုတောင်း

သယံ ဗုဒ္ဓေါ သမ္မောဓေသိ၊
ဓမ္မေပိ ဓမ္မသတ္တိယော။
အဟောနော ဓမ္မသုတတ္တံ၊
အဟောနော ဓမ္မစိန္တနံ။

ယောဇနော - ပါရမီအား စွမ်းပကားဖြင့် ငါးပါးမာန်နှင် အကြင်ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်၊

ဓမ္မေပိ - ရုပ်နာမ်နှစ်ချက် ဖြစ်တိုင်းပျက်သည့် အသက်မနှော တရားသဘောတို့ကို လည်းကောင်း၊

ဓမ္မသတ္တိယောပိ- တရားတိုင်း၏ ထင်ရှားရှိသည့် သတ္တိအင်အား စွမ်းပကားတို့ကိုလည်း ကောင်း၊

သယံဗုဒ္ဓေါ - ဗောဓိမဏ္ဍိုင် ရိပ်သာမြို့ငယ် ကိုယ်တိုင်စတင် သိမြင်တော်မူခဲ့သည် ဖြစ်ပါ၍၊

သမ္မောဓေသိ - သိသင့်သမျှ ဝေနေယျကို လှစ်ဟမြွက်ဖော် သိစေတော်မူခဲ့လေပြီ။

WWW.DHAMMARANSI.COM

တဿဇိနဿ - အောင်မြေနက်သန် ဗောဓိမဏ်ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ ထို အောင်တော်မူမြတ်စွာဘုရားသခင်၏။

ဓမ္မသုတတ္တံ - တရားဓမ္မ ဟောညွှန်ပြလျက် နေ့ည ရွှင်ပျော် ဘုရားသားတော် သမီးတော် တို့ဖြစ်ရခြင်းသည်၊

အဟောနော - ကိုယ့်တွက်ကိုယ့်တာ ကိုယ်ကျိုးပါသ ဖြင့် ကိုယ့်မှာခုနှယ် ဝမ်းမြောက်ဖွယ် ကြီးပါတကား၊

ဓမ္မစိန္တနံ - ဓမ္မသက်သက် ရှေ့နောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန်ခွဲဝေ ကြံစည်၍နေရခြင်းသည်၊

အဟောနော - သူငါတွေပျောက် အလင်းရောက်လို့ မို့ ဝမ်းမြောက်ရွှင်ပျော် ယောဂီတို့ရဲ့ ဘဝ အရတော်လှပါပေစွတကား။ .

သာဓု သာဓု သာဓု

သက္ကာယဒိဋ္ဌိ ခွာပုံ (၂)

ယောဂီများက "စူဠသောတာပန်"ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးရထားပြီဆိုတော့ သောတာပန်ကြီးဖြစ်ဘို့ သိပ်မဝေးတော့ဘူး၊ သောတာပန်ဆိုတာ ဒိဋ္ဌိနဲ့ဝိစိ ကိစ္ဆာကိုပယ်နိုင်ရင် ဖြစ်တော့တာပဲ။ စူဠသောတာပန် အဆင့်မှာ ဒိဋ္ဌိဝိစိကိစ္ဆာကို တဒင်္ဂပဟာန်အားဖြင့် ပယ် နိုင်နေပြီဖြစ်တော့ သမုစ္ဆေဒပဟာန်အမြစ်ပြုတ်အောင် ပယ်သတ်သွားနိုင်ဘို့လိုပါတယ်။ ဒါမှ အပါယ်တံခါး လုံးလုံးပိတ်မှာ။ မဂ်ဉာဏ်ကမှ အပါယ်ဘေးက လုံးဝ တားမြစ်ပေးမှာဖြစ်ပါတယ်။

အပါယ်ဘုံဟာကိုယ့်အိမ်။ ။မိုးကုတ်ဆရာ တော်ဘုရားကြီးက ယောဂီတွေ ပိပဿနာတရားကို အကြိမ်များစွာ-အကြိမ်တစ်ရာမက အားထုတ်နေကြ ပေမယ့် သက္ကာယဒိဋ္ဌိမပြုတ်သမျှတော့ ငရဲတင်းကုပ်ပဲ လို့ မိန့်တော်မူပါတယ်။ ဒါလဲ ဆရာတော်ကြီးက မြတ်စွာ ဘုရားဟောတော်မူထားတဲ့ **"စတ္တာရော အပါယာ သတဂေဟ သဒိသာ"**ဆိုတဲ့ ဒေသနာတော်ကို ကိုး ကားပြီးအမိန့်ရှိပုံပါပဲ အရေးအကြီးဆုံးအလုပ်က ယောဂီ

WWW.DHAMMARANSI.COM

တို့အတွက် သက္ကာယဒိဋ္ဌပြုတ်ဘို့ပဲ၊ ပြုတ်အောင် ဖြုတ်ကြရအောင်၊ မပြုတ်ဘူးဆိုရင် အပါယ်လေးဘုံဆိုတဲ့ ကိုယ့်အိမ်ကို ပြန်သွားနေကြရအုံးမယ်။

ခန္ဓာကိုယ်မှာရုပ်နဲ့နာမ်သာ ငါမပါ။ ။သက္ကာယဒိဋ္ဌနဲ့ပတ်သက်လို့ သဲဖြူလယ်တီဩဝါဒ ကထာမှာ - နာမ်ရုပ်မှတပါး ယောက်ျားမိန်းမ၊ အတ္တဇီဝ ဘာမျှမရှိ ဉာဏ်နှင့်ကြည့်သော် ဓာတ်အတိသာ ရှိချေ၏တကား . . . တဲ့။

ဤခန္ဓာကိုယ်မှာ ရုပ်နာမ်နှစ်ပါး (ခန္ဓာငါးပါး) ကလွဲပြီး ပုဂ္ဂိုလ်သတ္တဝါငါသူတပါး ယောက်ျားမိန်းမ အတ္တဇီဝ ဘာတစ်ခုမျှမရှိဘူး။ ရုပ်ဓာတ်နာမ်ဓာတ်နှစ်မျိုးသာရှိတယ်။ ငါဆိုတာမရှိပါဘူး။

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးကလဲ -

ဤကိုယ်ကာယတစ်လံမျှ၌ နှစ်ဝနာမ်ရုပ်ဖြစ်၍ ချုပ်၏။ နာမ်ရုပ်နှစ်ပါး အလွတ်ထား၍ ဤကားလိပ်ပြာ ဤကားငါတည်း ဤမှာဇီဝ ဤအတ္တဟူ ညွှန်းပြဘွယ်ရာ မရှိပါသည်။ ခန္ဓာနာမ်ရုပ်မျှသာတည်း။

သက္ကာယဒိဋ္ဌငါစွဲစွဲပုံ။ ။ ဒီခန္ဓာကိုယ်မှာ နာမ်ရုပ်နှစ်မျိုးသာရှိတယ်။ ငါဆိုတာမရှိဘူး။ ဒီမရှိတဲ့ငါကအရှိလုပ်ပြီး စွဲနေတာကို သက္ကာယဒိဋ္ဌစွဲတယ်လို့ ဆိုကြပါတယ်။ စွဲပုံကလေးက-

"နာမ်ရုပ်နှစ်တန် သူ့ဖြစ်ဟန်ကို အမှန်ဒိဋ္ဌမသိကြ၍ ငါထငါထိုင် ငါကိုင်ငါသွား ငါကြား ငါကြည့် ငါသိ ငါမြင် ဓာတ်ဖြစ်အင်ကို ငါပင်မုချမှတ်ထင်ကြသည်။ သက္ကာယဒိဋ္ဌစွဲလမ်းမှုကြီးပါတကား။"

ဒီခန္ဓာမှာ နာမ်နဲ့ရုပ်သာ အလုပ်လုပ်နေတာပါလားဆိုတာကို မသိကြတော့ ငါထတယ် ငါထိုင်တယ် ငါကိုင်တာ ငါသွားတာ ငါကြားတာ ငါကြည့်တာ ငါသိတာ ငါမြင်တာလို့ တငါငါနဲ့ ငါစွဲစွဲပြီး ပြောဆိုနေကြတာဟာ အမှန်တော့ ငါပါသလား၊ မပါပါဘူး၊ ရုပ်နဲ့နာမ်နဲ့ဘဲရှိတာပါ။ နာမ်ကထချင်တယ်ဆိုလို့ ရုပ်ကြီးကနောက်ကလိုက်ပြီး ထပေးနေရတယ်။ နာမ်ကဦးဆောင်ပြီးထိုင်ချင်လို့သာ ရုပ်ကလိုက်ပြီး ထိုင်ပေးရတယ်။ ဒီလိုမဟုတ်လား၊ ဒါဖြင့်ဘယ်သူ ကဦးဆောင် ဘယ်သူကနောက်လိုက်လဲ။ နာမ်ကဦးဆောင် ရုပ်ကနောက်လိုက်ပဲ

WWW.DHAMMARANSI.COM

ဆိုတာကတော့ အယူအမြင် မှားယွင်းတာ လွဲမှားတာပါ။ သက္ကာယဒိဋ္ဌိ လို့ဆိုတော့ တကယ်ရှိတဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်မှာ မရှိတဲ့ငါက "နွားနို့နဲ့ရေရောထားသလို" တသားထဲဖြစ်အောင် ခွဲမရအောင်စွဲနေတာ။ ဒါကိုသက္ကာယဒိဋ္ဌိစွဲတယ်လို့ခေါ်ပါတယ်။ ဒါဖြင့် သက္ကာယဒိဋ္ဌိစွဲရင်ဘာဖြစ်သလဲ။ သက္ကာယဒိဋ္ဌိ မကွာရင် ဘာဖြစ်သလဲ။

သက္ကာယဒိဋ္ဌိမကွာရင်။ ။ ဒိဋ္ဌိသက္ကာယ မကွာသမျှ **လေးဝအပါယ်ရောက်ဦးမယ်။ နှင်ဝယ်သတိထား။ သို့အလားကြောင့်မြတ်ဘုရားက ရင်ဝလှံစူးထိပ်ဦးမီးလောင် မရှောင်အဟုတ် နောက်မဆုတ်ပဲ အားထုတ်ရန် သဘောကို သတ္တိယာဝိယသြမဒ္ဒေါဟုဟောကြားတော်မူခဲ့ပေပြီတကား။**

ငါစွဲမစွဲဘို့ကအရေးကြီးဆုံးအလုပ်။ ။ သက္ကာယဒိဋ္ဌိ မကွာရင်ဘာဖြစ်သလဲဆိုတော့ အပါယ်ရောက်မယ်တဲ့။ ဒါကြောင့် သက္ကာယဒိဋ္ဌိကွာဘို့ သက္ကာယဒိဋ္ဌိမစွဲဘို့ အရေးကြီးပါတယ်။ အမြဲသတိရှိနေဘို့လိုပါတယ်။ မြတ်စွာဘုရားက အရေးကြီးလွန်းလို့ ယောဂီများ သတိထားပြီး သက္ကာယဒိဋ္ဌိကွာအောင်အားထုတ်ကြလို့ ဥပမာ

မဟုတ်လား၊ တရားအားထုတ်တဲ့အခါမှာ ရုပ်ကပူတဲ့သဘော၊ အေးတဲ့သဘောတွေနဲ့ဖောက်ပြန် ပြတော့လဲ နာမ်က ရုပ်ဖောက်ပြန်ပြတဲ့အာရုံကို ပူတာပဲ၊ အေးတာပဲလို့ ပရမတ္ထသဘာဝတွေကို နောက်ကလိုက်ပြီး သိပေးနေတယ်လေ။ ဒါကျတော့ ဘယ်သူကဦးဆောင် ဘယ်သူကနောက်လိုက်လဲ။ ရုပ်ကဦးဆောင်ပြီး နာမ်က နောက်လိုက်ဖြစ်သွားပြီ၊ ပစ္စယပရိဂ္ဂဟဉာဏ်ပို့ချချက်အတိုင်း ရုပ်နဲ့နာမ်တို့ဟာ တစ်ခုနဲ့တစ်ခု အကြောင်းတွေ အကျိုးတွေနဲ့ထောက်ပံ့သိမ်းဆည်းနေကြတာဖြစ်တယ်။ အဲဒီထဲမှာ ငါဆိုတာပါသလား။ မပါတာကြီးကို အရှိ လုပ်ပြီး ငါငါနဲ့စွဲနေဘို့လို့သေးလား။ မလိုပါဘူး။

ဝမှမရှိတာဝိလုပ်လို့ဘယ်မှာရမှာလဲ၊ ဝရှိမှ ဝိဖြစ်တာကိုး ဒါကြောင့် **"ဝမရှိဘဲဝိမလုပ်နဲ့"** လို့ ဆိုရိုးစကားရှိတာပေါ့။ ငါမှမရှိတာ ငါစွဲမစွဲနဲ့၊ ယောဂီတို့သဘောပေါက်ပါတယ်နော်။ ဟုတ်ပြီ ဒါကတော့သက္ကာယဒိဋ္ဌိစွဲပုံကလေးပါ။

သက္ကာယ-သက္ကာယဒိဋ္ဌိ ။ ။ သက္ကာယဒိဋ္ဌိဆိုတာကို ရှင်းပြရလျှင် သက္ကာယဆိုတာက ခန္ဓာငါးပါး၊ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးကိုခေါ်ပါတယ်။ ဒိဋ္ဌိ

WWW.DHAMMARANSI.COM

တွေပေးပြီး သတိပေးစကား ဟောကြားထားပါတယ်။ အဲဒါဘာလဲဆိုတော့ -

ရင်ဝမှာလှံစူးနေတဲ့သူတစ်ယောက်ဆိုပါတော့။ ရင်ဝမှာလှံစူးရင် သူရဲ့အရေးကြီးဆုံးအလုပ်က စူးဝင်နေတဲ့လှံကို အရင်ဆွဲနှုတ်ပစ်ရမယ်။

နောက်ဥပမာတစ်ခုက - ဦးခေါင်းမှာမီးလောင်နေတဲ့ လူတစ်ယောက်ဟာ သူဘာကိုအရင်လုပ်ရမလဲဆိုတော့ မီးကိုအရင်ငြိမ်းအောင်လုပ်ရမယ်။ ဘာကြောင့်လဲ။ သေမှာကြောက်လို့ပဲ။ ဒီဥပမာမျှားလိုပဲ။

ဝိပဿနာတရားကို အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ သူလုပ်ရမယ့် အရေးကြီးဆုံးသော အလုပ်က သက္ကာယဒိဋ္ဌိကွာဘို့ပဲ ဘာကြောင့်အရေးကြီးတာလဲ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ သေသွားရင် အပါယ်ကျမှာကြောက်လို့။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး လှံစူးတဲ့လူ, မီးလောင်တဲ့လူက ဘယ်နှစ်ဘဝသေမှာလဲ တစ်ဘဝသာသေမှာတဲ့။ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့သေသူက ဘယ်နှစ်ဘဝသေမှာလဲ၊ ဘဝပေါင်းများစွာသေနေရအုံးမှာ ပိုပြီးအရေးမကြီးဘူးလား။

လှံစူးတဲ့လူ, မီးလောင်ခံရတဲ့လူတွေဟာ တစ်ဘဝ

ကလေးသေမှာတောင်မှ သေရမှာကြောက်လို့ အရေးတကြီး လုပ်သင့်တာလုပ်ကြသေးရင် တရားအားထုတ်တဲ့ ယောဂီဟာ သက္ကာယဒိဋ္ဌိကွာဘို့အတွက် ဘဝများစွာမသေရအောင်, သံသရာမလည်ရအောင် ပိုပြီးအရေးကြီးရတာပေါ့။ တစ်မျိုးထပ်ပြီးစဉ်းစားကြဦးစို့ - တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာတကယ်လို့ မျှားတရားအားထုတ်နေရင်း လှံအစူးခံရတယ် ဆိုကြပါစို့ -

ယောဂီဟာဘာကို အရင်လုပ်မလဲ။ လှံကိုအရင်နှုတ်မလား။ သက္ကာယဒိဋ္ဌိကို အရင်ဖြုတ်မလား။

မြတ်စွာဘုရားကတော့ -

သတ္တိယာဝိယဩမဋ္ဌော၊ ဒယ္ဟမာနော၀မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခုပရိပ္ပဇေ။

သတ္တိယာ - အသွားနှစ်ဖက်မြမြထက်လှ သံလှံမကြီးဖြင့်။ ဩမဋ္ဌောဝိယ - ရင်ဝကိုစူးစိုက်အထိုးခံလိုက်ရသူကဲ့သို့ဇင်း၊ မတ္ထကေ - ဦးခေါင်းထက်၌။ ဒယ္ဟမာနော၀ - ဟူးဟူးပြောင်ပြောင်မီးလောင်သည့်ဘေးရေးကြီးသုတ်ပြာ ဝေဒနာခံခက်သူကဲ့သို့ဇင်း၊ သတောဘိက္ခု - သတိပညာ ထင်စွာပြုတတ်သူတော်မြတ်သည်။ သက္ကာယဒိဋ္ဌိ သံသရာ တစ်ခွင် သူစူးဝင်၍ လေးခွင်

WWW.DHAMMARANSI.COM

ပါယ်ရပ် ကျစေတတ်ရေး -သက္ကာယဒိဋ္ဌိဆိုတဲ့ ဘေးကြီးကို။ ပဟာနာယ-မြတ် သောတာပန်အခြေခံ၍ အမြန်ပယ်နှုတ်အမြစ်ပါပြုတ်စေခြင်းငှာ။ ပရိဗ္ဗဇေ - ပရိဗ္ဗဇေယျ - အပျင်းတွေကိုဖြုတ် မဟုတ်တာတွေကိုပယ်ဟိုနှယ်သည်နှယ် အငြင်းမသန်ကြပါနဲ့ အပြင်းအထန် မြန်မြန်ကြီးသာ ကြိုးစားအားထုတ်ကြရာတော့သတည်း။

သက္ကာယဒိဋ္ဌိကွာအောင်ဒီလိုလုပ်။ ။ သက္ကာယဒိဋ္ဌိခွာဘို့၊ သက္ကာယဒိဋ္ဌိကွာအောင်လုပ်ဘို့တော့ သဘောပေါက်ပါပြီ။ ကွာအောင်ဘယ်လိုလုပ်ရမလဲ၊ ဒါက ပြဿနာ၊

"ရုပ်နာမ်နှစ်ခု နှစ်ဘို့ပြု၍ ရုပ်စုနာမ်စု တစ်ခုခုဋ္ဌ ကြံဖန်စေ့ငုံစိုက်၍ ရှုမှတ်ရင်းမူလ သဘာဝကို မုချမသွေ မြင်နိုင်ချေမည်တကား"။

သက္ကာယဒိဋ္ဌိကွာဘို့, ကွာအောင်လုပ်ဘို့ကရုပ်နှင့် နာမ်တို့ကို တစ်ခုစီခွဲခြားထားပြီး - ရုပ်ဆိုတာ ဖောက်ပြန်သဘော ရှိတယ်။ အချမ်း၊ အပူ၊ နာကျင်ကိုက်ခဲစသော ဆန့်ကျင်ဘက် အကြောင်းတရားတွေကြောင့် ဖောက်ပြန်တယ်။ ဒီလိုဖောက် ပြန်သဘောရှိတဲ့ ရုပ်သည် -

"ကံ စိတ် ဥတု အာဟာရဟူ အကြောင်းလေးခု ကျေးဇူးပြု၍ လူ၏ကိုယ်မှာ မြန်စွာခဏ ဖြစ်ကပျက်ပြန် မီးလျှံအသွင် ရေအယဉ်ပမာ ရုပ်ခန္ဓာသည် မှန်စွာမလွဲ ဖြစ်ပျက်မြဲတည်း"

ရုပ်ဆိုတာ ပဝတ္တိအခါမှာ - ကံ စိတ် ဥတု အာဟာရဆိုတဲ့အကြောင်းလေးခုကျေးဇူးပြု၍ အကြောင်းကြောင့်ကြီး ထွားလာရတဲ့ အကျိုးတရားတွေပဲ။ ဒီလိုသဘောပေါက်ထားရပါမယ်။

"သဏ္ဌာန်အဆင်း ခုခံလျင်းက ဉာဏ်နှင့်ရှင်း၍ အတင်းရှုမှ အနိစ္စကို ဒိဋ္ဌမသွေမြင်နိုင်ချေမည်တကား"

တရားရှုမှတ်တဲ့အခါမှာ -သဏ္ဌာန်တွေအဆင်းတွေ ဒြပ်တွေအခိုင်အမာတွေခုခံပြီး တလုံးတခဲထဲဟု ထင်မှတ်နေခဲ့လျှင်ဉာဏ်နဲ့ရှင်းပြီး အနိစ္စလက္ခဏာကို မြင်အောင်ရှုပါတဲ့။ ဘယ်လိုရှုရမှာလဲဆိုရင်။

အဋ္ဌကလာပ်မာတ်ခဲအပေါင်း ထောင်သောင်းမက အနန္တများစွာ ပေါင်းစုလာသော် အမာအပျော့ အပေါ့အလေး အသေးအကြီး အနည်းနည်းအထွေထွေ ပွေပွေ လီလီ အရည်အဖတ် ဒြပ်သဏ္ဌာန်ပေါ်

WWW.DHAMMARANSI.COM

လာ ပြန်သည်။ မှားရန်အကြောင်း နိမိတ်တည်း။
အဋ္ဌကလာပ်ရုပ်ခေါ်တဲ့ ပရမာဏုမြူမှုံကလေးတွေ အနန္တ များစွာပေါင်းစုထားလို့သာ ဒီလိုဒြပ်သဏ္ဌာန်တွေ ဖြစ်နေတာပါလားလို့ ပညတ်ကိုခွာပြီး ပရမတ်သဘောကို မြင်အောင်ရှုမှတ်ရင် အနိစ္စ-မမြဲပါလားလို့ ဉာဏ်မှာ ထင်မြင်လာလျှင် သက္ကာယဒိဋ္ဌိ ကွာပါလိမ့်မည်။

ပညတ်ကိုခွာပြီး ပရမတ်ဓာတ်ကို မြင်အောင်ရှုနိုင်ဘို့အထူးအရေးကြီးပါသည်။ ပညတ်ပရမတ်တို့၏ သဘော သဘာဝကိုနားလည်ထား, သဘောပေါက်ထားဘို့လိုပါသည်။ ဘယ်လိုနားလည်ထားရမလဲ။

သက်ရှိသက်မဲ့ အားလုံးဟာ အဋ္ဌကလာပ်ရုပ်တွေနဲ့ဖွဲ့စည်းထားတာ - ဥပမာ ရှောက်သီးတစ်လုံးကိုပဲကြည့်ပါ။ မာတဲ့သဘော ပျော့တဲ့သဘော ပထဝီဓါတ်ပါတယ်။ ရှောက်သီးကိုခွဲကြည့် အရည်ဆိုတဲ့အာပေါဓါတ်ပါတယ်။ ရှောက်သီးကို ဆုပ်ကိုင်ကြည့် ပူတဲ့သဘော နွေးတဲ့သဘော အေးတဲ့သဘော တေဇောဓါတ်ပါတယ်။ ရှောက်သီးကလေးကြီးထွားလာရတဲ့ တွန်းကန်လှုပ်ရှားမှု သဘောဝါယောဓါတ်ပါတယ်။ ဒီဓါတ်ကြီးလေးပါးကို အခြေခံပြီးအမှီဓါတ်ဖြစ်တဲ့ ဝဏ္ဏ-အဆင်း

ရှောက်သီးအစိမ်းဆိုရင် အစိမ်းရောင်။ အမှည့် ဆိုရင် အဝါရောင် အဆင်းပေါ့။ နမ်းရှူကြည့်တော့ ဂန္ဓ-အနံ့လဲပါတယ်။ စားကြည့်တော့ချဉ်တယ် ချိုတယ်ဆိုတဲ့ ရသာ-အရသာလည်း ပါတယ်။ ချိုချဉ်စပ်ငံဖန်ခါးအရသာ ခြောက်ပါးသြဇာဓါတ် အဆီအစေးလဲပါတယ်။ ဒီရုပ်ရှစ်ပါး အမြဲပါရှိတဲ့အဋ္ဌကလာပ် ရုပ်မှုံကလေးတွေ ပရမာဏုမြူ - **အ**လွန်အလွန်မမြင်နိုင် လောက်အောင် သေးငယ်လှတဲ့ ပရမာဏုမြူမှုံကလေးတွေ ဒီအမှုံလေးတွေဟာ ပညပ်သဘောပဲ၊ အမှုံလေးတွေရဲ့ အရှိန်အဟုန်သဘောကို မြင်အောင်ရှုနိုင်မှ ပရမတ်ဓါတ်ကို မြင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပရမာဏုမြူမှုံကလေးတွေဟာ ဘယ်လိုဒြပ်သဏ္ဌာန်တွေ ဖြစ်လာရသလဲလို့ ဆိုရင် ပရမာအဏုမြူ -၃၆-လုံးဟာ အဏုမြူတစ်လုံးဖြစ်တယ်။ မျက်စိနဲ့မမြင်ရသေးပေမယ့် မှန်ဘီလူးမှန်ပြောင်းနဲ့ကြည့်ရင်မြင်ရပြီ။ အဏုမြူ -၃၆-လုံးဟာ တဇာရီမြူတစ်လုံးဖြစ်တယ်။ ဒီမြူကိုတော့မျက်စိနဲ့ကြည့်လို့မြင်ရပြီး ထရံပေါက် ပြတင်းပေါက်နေရောင်ခြည်လမ်းကြောင်းမှာ တလက်လက်နဲ့ မြင်တွေ့နေရပြီ။ ဒီနေရာမှာ တဇာရီမြူရဲ့သဘောကို သိထားဘို့လိုပါ

WWW.DHAMMARANSI.COM

တယ်။ တံတံ အတ္တနောနိဿယံ မလီနကရဏဝသေန ဇရာပေတီတိ တဇ္ဇာရီလို့စာပေကျမ်းဂန်ကဖွင့်ပြပါတယ်။ အဓိပ္ပါယ်က တော့ မိမိကိုယ်မှာမှီနေတဲ့ အဝတ်အစား တွေကို ညစ်နွမ်းအောင် ဆွေးမြေ့အောင်ပြုတတ်လို့ တဇ္ဇာရီမြူလို့ ခေါ်ပါ တယ်။ မိမိတို့ အိမ်မှာရှိတဲ့ စားပွဲ၊ ကုလားထိုင်၊ ဘီဒို၊ တီဗွီ တို့အပေါ်မှာတင်နေတဲ့ ဖုံမှုံ ကလေးတွေဟာ တဇ္ဇာရီမြူပေါ့ ဒီမြူကလေးတွေကို မသုတ်သင်မရှင်းလင်း, မလျှော်မဖွတ်ရင် ညစ်နွမ်း ဆွေး မြေ့ပျက်စီးသွားနိုင်တဲ့သတ္တိရှိတယ်။ အဲဒီတဇ္ဇာရီမြူ -၃၆-လုံးကို ရထရေမြူ ရထားတွေ ကားတွေ နောက်မှာ ထနေတဲ့ ဖုံမှုံတွေ။ ရထရေမြူ -၃၆-လုံးကို လိက္ခမြူ တစ်လုံး (လိက္ခ=လိခ= ရေးခြစ်ခြင်း) လိက္ခမြူကိုက ညစ်ချေးလို့လဲ ခေါ်ပါတယ်။ ကညစ်နဲ့ပေရွက်ကို ရေး တော့ ထွက်လာတဲ့ချေးမှုံကလေးတွေကို လိက္ခမြူ ဆိုပါ တယ်။ အဲဒီလိက္ခမြူ -၇-လုံးကို ဦကာ (သန်းဦးခေါင်း-ခေါင်းမှာ တွယ်တဲ့သန်းရဲ့ဦးခေါင်း)တစ်လုံး၊ ဦကာ-၇-လုံးကို မုံညင်းစေ့တစ်လုံး၊ မုံညင်းစေ့ -၃-စေ့ကို နှမ်းတစ် လုံး၊ နှမ်း-၄-စေ့ကို ဆန်တစ်စေ့။ ဆန် -၄-စေ့ကို ချဉ်ရွေးငယ်တစ်လုံး (ရွှေချိန်တဲ့ရွေးစေ့ငယ်)။ ချဉ်ရွေး

ငယ် ၆-လုံးကို ၁-ပဲ၊ ၂-ပဲ ကိုတစ်မူး (ဆယ်ပြား)။ ဆယ် မူး (ဆယ်ပြားစေ့ ၁၀ စေ့)ကို တစ်ကျပ်၊ ကျပ်တစ်ရာကို တစ်ပိဿာခေါ်တယ် ဒီတော့ပရမာဏုမြူကလေးတွေ ကိုလုံးလိုက်တော့ တစ်ပိဿာလောက်အစိုင်အခဲကြီး ဖြစ်လာပြီ။ ဒီအစိုင်အခဲဒြပ်သဏ္ဌာန်ကြီးကို ဥာဏ်နဲ့ ဖောက်ခွဲထိုးထွင်းပြီး ပရမာဏုမြူမှုံကလေး အနန္တများစွာ ပေါင်းစုထားတာပါကလားလို့ ပရမတ်ဓါတ်ကိုမြင် အောင် ရှုနိုင်ဘို့လိုပါတယ်။ ဒီလိုရှုနိုင်ရန် ပညတ်တွေ ကွာပြီး ပရမတ်ဓါတ်မြင်တော့ မမြဲတဲ့အနိစ္စလက္ခဏာ ထင်လာမှာပါ။ **သဏ္ဌာန်** အဆင်းပညတ်တွေကို ကွာ အောင်မရှုနိုင်ရင် အမှားမြင်နေမည်ကိုသတိပြုဘို့ လိုပါ သည်။ နာမ်ဘက်ကို ကြည့်ကြဦးစို့။

အကြည်ခြောက်စုံ အာရုံခြောက်ပါး ထိခိုက် ငြားက ခြောက်ပါးဝိညာဉ် အစဉ်ဖြစ်မှု ဖမ်းယူရှုမှ အနိစ္စကို ဒိဋ္ဌမသွေ မြင်နိုင်ချေမည်တကား။

အပြင်အာရုံခြောက်ပါးနဲ့ အတွင်းအာယတန ခြောက် ပါး တိုက်ဆိုင်လာတော့ ဝိညာဉ်ခြောက်ပါးဆိုတဲ့ "မြင်ကြား နံစားထိသိ" အသိစိတ်ခြောက်မျိုး အကြောင်း ကြောင့် အကျိုးဖြစ်လာရတယ်။

WWW.DHAMMARANSI.COM

ဥပမာဆိုပါတော့ - မြင်စိတ်ကလေးဖြစ်ဘို့ အတွက် မျက်စိအဆင်းအလင်း နှလုံးသွင်းဆိုတဲ့အကြောင်းတွေ ပေါင်းစည်းပြုပြင်ထားလို့ မြင်စိတ်ဖြစ်လာတယ်။ မြင်စိတ်ဟာ သူဟာသူ မြင်နိုင်ကဲ့အတ္တသတ္တိမရှိ သူတပါးကိုမြင်အောင် သူကလုပ်ပေးနိုင်တဲ့ အတ္တနိယသတ္တိလဲမရှိ မြင်နိုင်တဲ့ အားသတ္တိကုန်ခမ်းနေပါသည်။ "ခယဋ္ဌေန အနိစ္စံ"အရ အနိစ္စ - မမြဲပါလား။ အဆင်းရူပါရုံ မျက်စိအကြည်ဆိုတဲ့ အရှိရုပ်တွေကလဲ ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်လာရသည်။ ရူပါရုံ အဆင်းကလေးဖြစ်ဘို့အတွက် မျက်စိ၊ မြင်စိတ်၊ အလင်း၊ နှလုံးသွင်းဆိုတဲ့ အကြောင်းတွေ စုပေါင်းပြုပြင်ထားပါသည်။ ဒါကြောင့် တစ်ခုချင်းဖြစ်နိုင်သည့် အတ္တသတ္တိမရှိ။ အတ္တနိယသတ္တိလဲမရှိ ဒီရုပ် ဒီနာမ်တွေဟာအားလုံး "ဝယဓမ္မ" အပျက်တွေချည်းဘဲလို့ ဉာဏ်မှာ အရှိကိုအရှိအတိုင်း ယထာဘူတကျကျ ရှုဆင်ခြင်နိုင်လျှင် အနိစ္စလက္ခဏာထင်လာပါသည်။

ရုပ်နာမ်ဓမ္မ အနိစ္စကို ဒိဋ္ဌမြင်က အနတ္တကို မုချမြင်၍ ငါပင်မဟုတ်နာမ်ရုပ်နှစ်ခု မိတ်အစုသာဖြစ်ပါတကားဟု မြင်လုံးထွားသဖြင့် သက္ကာယ

တရား လွင့်စင်ရှားလေ၏ တကား။

အနတ္တမြင်ငါစွဲစင် ။ ။ ရုပ်ကဖြစ်ပြီးပျက်သည်။ နာမ်ကလည်း သိပြီးပျက်သည်။ ရုပ်ကဖောက်ပြန်သဘော။ နာမ်ကသိသဘော။ ရုပ်ရောနာမ်ရော အပျက်တွေချည်းပါလား။ မမြဲပါလားလို့ အနိစ္စလက္ခဏာကို မြင်အောင်ရှုနိုင်လျှင် ကိုယ်မပိုင်အစိုးမရ အနှစ်အသားမရှိသူဖြစ်ချင်သလိုဖြစ် သူပျက်ချင်သလိုပျက်၍နေသော အတ္တမဟုတ် အနတ္တသဘောတွေပါ။ ငါမဟုတ်ပါ။ ငါမပါပါ။ နာမ်နဲ့ရုပ်တို့ သာအလုပ်လုပ်နေကြတာပါလားလို့မြင် လုံးထွား - အမြင်ကျယ်လာရင် သက္ကာယဒိဋ္ဌိ ငါစွဲအလိုလိုပြုတ်သွားပါပြီ။ ဒါကြောင့်-

ငါစွဲကင်းစင်နိဗ္ဗာန်ဝင် ။ ။သက္ကာယဒိဋ္ဌိတဒင်္ဂပဟာန်ကွာပြန်မူက စူဠသောတာပန် သမုစ္ဆေဒပဟာန်ကွာပြန်ငြားက မဟာသောတာပန် အပါယ်လေးပါးတံခါးပိတ်၍ နိဗ္ဗာန်အဝင်ဘုံစဉ်စံပုဂ္ဂိုလ် ဝိသာခါနှင့် အနာထပိဏ်တို့လို ငါတို့လဲ ဖြစ်ရချေမည်တကားလို့ မြင်လုံးထွားသဖြင့် အာရပါးရကြိုးစား အားထုတ်လိုက်ကြရာတော့သတည်း။

WWW.DHAMMARANSI.COM

ရမှာပါ။ အဲဒီသက္ကာ ယဒိဠိက ဘယ်လောက်များသလဲ ဆိုတော့ -

ရူပံအတ္တာတော သမနုပဿတိ - ရုပ်ဟာငါပဲ။
ရူပဝန္တံဝါအတ္တာနံ - ငါဟာ ရုပ်ပဲ။
အတ္တာနိဝါရူပံ - ငါထဲမှာ ရုပ်ရှိတယ်။
ရူပသ္မိံဝါအတ္တာနံ - ရုပ်ထဲမှာငါရှိတယ်။

ဒီလိုရူပက္ခန္ဓာခေါ်တဲ့ရုပ်နဲ့ငါကို ခိရောဒကီဘူတံ နွားနို့နဲ့ရေရောထားသလိုခွဲမရအောင် တသားထဲဖြစ်အောင် စွဲယူထားပါတယ်။ ထို့အတူပဲ ဝေဒနာက္ခန္ဓာ သညက္ခန္ဓာသင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့အပေါ်မှာလဲ ငါနာတယ် စသည်ဖြင့် လေးချက်စီငါစွဲစွဲတာဖြစ်တော့ (၅×၄=၂၀) ဒီခန္ဓာငါးပါးအပေါ်မှာသာ လေးချက်စီစွဲတဲ့ ငါစွဲ သက္ကာယဒိဋ္ဌိ ၂၀ ကိုသာ ကွာအောင်, ဒိဋ္ဌိငါကို ကွာအောင်ခွာရမှာပါ။ ငါသား ငါသမီး ငါပစ္စည်းစတဲ့ အခြားငါတွေမပါ,ပါဘူး သောတာပန်မှာ ဒိဋ္ဌိ ငါကိုသာ ပယ်နိုင်ပါတယ်။

ငါသား ငါသမီး ငါမယား ငါယောကျ်ား ငါပစ္စည်းစတဲ့ ငါတွေက လောဘငါဖြစ်ပါတယ်။ ရဟန္တာပုဂ္ဂိုလ်မှ ပယ်နိုင်ပါတယ်။ ခန္ဓာငါးပါးအပေါ်မှာ စွဲတဲ့ငါ မဟုတ်

စူဠသောတာပန်အဆင့်မှဆက်လက်ပြီး ကျင့်ကြ မည်ဆိုလျှင် မဟာသောတာပန်ကြီးဖြစ်ပြီး အပါယ်တံခါး လုံးဝပိတ်ကာ ဝိသာခါ၊ အနာထပိဏ်တို့လို ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်သွား နိုင်ပါတယ်။

ဝိသာခါကျောင်းအမကြီးဟာ ယခုအခါ နိမ္မာနရတိနတ်ပြည်မှာ နတ်မိဖုရားကြီးဖြစ်နေပါတယ်။ ဘုံစဉ်တွေ အဆင့်ဆင့်တက်ပြီး နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တွေ အပြည့်အဝခံစားပြီးတော့မှ နိဗ္ဗာန်ဝင်မှာပါ။

ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကလည်း ယခု တာဝတိံသာနတ်ပြည်မှာ နတ်စည်းစိမ်ခံစားနေပါတယ်။ သူလည်း ဝိသာခါကျောင်းအမကြီးလို ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်မှာပါ။ အလားတူပဲ ယောဂီတို့လည်း အဲဒီပုဂ္ဂိုလ်တွေကိုအားကျပြီး စူဠသောတာပန်မှသည် မဟာသောတာပန်ဖြစ်အောင် ကြိုးစားတော်မူကြပါ။

ကွာရမည့်သက္ကာယဒိဋ္ဌိ ။ ။ ဆက်ပြီးတော့ ခွာရမည့် ကွာရမည့် သက္ကာယဒိဋ္ဌိများကို ပြပါအုံးမယ်။ ယောဂီတို့ ခွာရမယ့် ကွာရမယ့်ငါစွဲသက္ကာယဒိဋ္ဌိဆိုတာ ခန္ဓာငါးပါးအပေါ်မှာစွဲတဲ့ "ငါ"ကိုသာ ခွာရမှာပါ။ ကွာအောင် လုပ်

WWW.DHAMMARANSI.COM

ပါဘူး။

ငါတတ်တယ်၊ ငါမြတ်တယ်၊ ငါသာပိုက်ဆံရှိတယ်၊ ငါသာအမျိုးမြတ်တယ်၊ ဆိုတဲ့ငါကတော့မာနငါဖြစ်ပါတယ်။ သောတာပန်မပယ်နိုင်ပါဘူး။ မာနကို ရဟန္တာပုဂ္ဂိုလ်မှသာ ပယ်နိုင်ပါတယ်။

ယောဂီတို့ပယ်ရမည့်ငါသည် ခန္ဓာငါးပါးအပေါ် မှာစွဲသည့် ဒိဋ္ဌငါသာဖြစ်တယ်။ လောဘငါ၊ မာနငါတွေ မပါဘူးလို့ သိနားလည်ထားပြီး ဒိဋ္ဌငါကို ပြုတ်အောင် ဖြုတ်ကြပါ။

သတောဘိက္ခု-သတိပညာထင်ခွာပြုတတ်သူတော်မြတ်သည် [သတောဘိက္ခဝေဘိက္ခုဝိဟရတိ သမ္ပဇာနော၊ အယံအမှာကံ အနုသာသနီ - သတိပညာအမြဲကပ်ပြီးနေပါ။ ဒါမြတ်စွာဘုရားရှင်တို့ရဲ့အဆုံးအမ] သက္ကာယဒိဋ္ဌိ -သံသရာတစ်ခွင် သူစူးဝင်၍ လေးခွင်ပါယ်ရပ် ကျစေတတ် သက္ကာယဒိဋ္ဌိ ဆိုတဲ့ ဘေးကြီးကို၊ ဝါ - မြင်ကြား နံစား ထိသိဆိုတဲ့ အသိစိတ်ခြောက်မျိုးအပေါ်မှာ ငါမြင် ငါကြား ငါနံငါစား၊ ငါထိ ငါသိလို့ တငါငါနဲ့စွဲယူနေတဲ့ သက္ကာယဒိဋ္ဌိ ဆူးငြောင့်ကြီးကို။ ပဟာနာယ-မြတ်သောတာပန် အခြေခံ၍

အမြန်ပယ်နှုတ်အမြစ်ပါပြုတ်စေခြင်းငှာ။ [သောတာပန်ဖြစ် အောင်ကြိုးစားကျင့် သောတာပန်ဖြစ်မှ သက္ကာယဒိဋ္ဌိကို အမြစ်ပါပြုတ်အောင်ဖြုတ်နိုင်မယ်။] ပရိဗ္ဗဇေ - ပရိဗ္ဗဇေယျ-နိစ္စသုခအတ္တ ဟန်ဆောင်အရောင်အရိပ် အကောင်နိမိတ်တို့မှ သုဉ်းဆိတ်ကွယ်ပျောက်၍ သွားလေအောင် အပျင်းတွေကိုဖြုတ် မဟုတ်တာတွေကိုပယ် ဟိုနှယ် သည်နှယ် အငြင်းမသန်ကြနဲ့တော့ အပြင်းအထန် မြန်မြန်ကြီးသာ ကြိုးစားအားထုတ်ကြရာတော့သတည်း။

ဥဒယဗ္ဗယဉာဏ်ပို့ချချက်

ယောဂီများအားလုံး ဝိပဿနာဉာဏ်ရှုကွက် ပီပြင်အောင် ဆင်ခြင်ရှုပွားဖို့ ငယ်ထိပ်ကစ ခြေဖျားကျအောင် သမာဓိနဲ့ ဆင်ခြင်ရှုပွားပြီး လက္ခဏာ ၃-ပါး တစ်ပါးပါးနဲ့ ရှုပွား ထားကြပါဗျား . . . ။

ယောဂီတို့ရေ . . . (၆)ရက်မြောက်နေ့က သမ္မသနဉာဏ်ထိအောင် ပို့ချပွားများနိုင်ကြပါပြီ။ သို့ပေမယ့် ပြန်လည်သုံးသပ်ဆင်ခြင်ရင်းနဲ့ ရှေ့ဉာဏ်စဉ်ကို တက်ရအောင် မိမိ ခန္ဓာကိုယ်တစ်ခုလုံးကို သမာဓိနဲ့ရှုကြည့်

WWW.DHAMMARANSI.COM

တဲ့အခါ ပရမတ်ဓာတ်သဘော (၀၊) ဓာတ်ကြီး ၄-ပါးရဲ့ သတ္တိတွေ ဖြစ်ကြတဲ့ ပူမှု၊ အေးမှု၊ တောင့်တင်းနာကျင်မှု၊ လှုပ်ရှားမှုစတဲ့ သဘာဝဓမ္မ တွေကို သိမြင်လာသည်နှင့် တစ်ပြိုင်နက် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲ စသည် အားဖြင့်ဉာဏ်နဲ့ ဖောက်ခွဲသိမြင် ရှုဆင်ခြင်တတ်တဲ့ သမ္မသနဉာဏ်ထိအောင် ပို့ချခဲ့ပြီးပါပြီ။

ဒီနေ့မှာ အများအားဖြင့် ဝိပဿနာရှုပွားတဲ့ ယောဂီတိုင်း ရေပန်းစားနေတဲ့ဖြစ်ပျက် ရှုဆင်ခြင်ပုံကို သင်ပြပါ့မယ်။ ရေပန်းစားအောင်သင်မှာတော့ မဟုတ်ပါဘူး။ ဓမ္မလမ်းကြောင်းအရ ဉာဏ်စဉ်အတိုင်း ပို့ချမှာပါ . . . ။

ယောဂီများကို ယခင်နေ့က ဟောခဲ့တဲ့ အခြေခံဖြစ်တဲ့ ရုပ်မှုန်ကလေးတွေရဲ့ ပမာဏအလွန်သေးငယ်လွန်းလို့ မျက်စိနဲ့မမြင်နိုင်တဲ့ ပရမာဏုမြူမှုန်ကလေး တစ်မှုန်တိုင်း တစ်မှုန်တိုင်းမှာ ဓာတ်ကြီးလေးပါးရဲ့ သတ္တိတွေအရှိန် အဟုန်တွေ ပြပြပြီးတော့ ချက်ချင်းဖြစ်ပြီး ချက်ချင်းပျက်ကြတဲ့ ရုပ်ရဲ့ပမာဏနဲ့သဘာဝကို ဟောခဲ့တာဟာ ဥဒယဗ္ဗယဉာဏ်အတွက် အလွန်အရေးပါအရာရောက်တယ်လို့ ယောဂီများ စွဲစွဲ မြဲမြဲ နာကြား

မှတ်သားထားကြပါလို့လည်း ကြိုတင်မှာ ကြားခဲ့ဘူးပါတယ်။

ဒီလိုပြန်ပြောနေရတာလည်း ဒီသဘောသဘာဝတွေကို ဉာဏ်ထဲမှာ ထင်မြင်လာပါမှ ဥဒယဗ္ဗယဉာဏ်စခန်းမှာ မိမိတို့ရဲ့ဉာဏ်သက်ဝင်နိုင်အောင် ပြန်ပြောနေရတာပါ။ အေး ပရမာဏုမြူမှုန်ကလေး တစ်မှုန်တစ်မှုန်တိုင်းမှာ ဓာတ်ကြီး (၄)ပါးနဲ့တကွ မှီငြမ်းဓာတ် (၄)ပါး၊ အားလုံး(၈)ပါး၊ အဌကလာပ်သည် မိမိတို့ရဲ့ အရှိန်အဟုန်တွေကို ပြပြပြီးတော့ ချက်ချင်းဖြစ် ချက်ချင်းပျက်ကုန်ကြတယ်လို့ ပဏာမပျိုးခဲ့တဲ့ သဘောကို သိထားပြီးရင် . . .

မီးလျှံအသွင်

မြတ်စွာဘုရားသခင်က ပုထုဇဉ်တို့ ဉာဏ်အမြင်နဲ့ ထင် လွယ်မြင်လွယ်အောင် ဥပမာပေးပြီးတော့ ဥဒယဗ္ဗယဉာဏ်အတွက် ဟောဖော်မိန့်ကြား တော်မူခဲ့ပါတယ်။ ဘယ်လိုမိန့်ကြားတော်မူခဲ့ပါသလဲဆိုရင် "ဒိပဇ္ဇလာဝိယ နဒီသောတောဝိယ"တဲ့ တိုရှင်းလိုရင်းလောက် ထုတ်နှုတ်တင်ပြပါမယ်။ ပါဠိစကားကို ဗမာလို

WWW.DHAMMARANSI.COM

ပြောရရင် ဒီပဇ္ဇလာဆိုတာက မီးလျှံ၊ မီးတောက်ပါ။ နဒီသောတော ဝိယဆိုတာက ရေစီးကြောင်း မြစ်ထဲက ရေစီးကြောင်း ဥပမာလိုဘဲတဲ့၊ အဲဒီလို ဘုရားသခင်က ထင်လွယ်မြင်လွယ်အောင် ဥပမာပေးခဲ့တယ်ဗျ။ အဲဒါကို ယောဂီတို့ သဘောပေါက်အောင် စူးစမ်းဆင်ခြင်တတ်အောင် အကျယ်ခဲ့ပြောမယ်လေ။

အခု ဘုရားကိုပူဇော်ထားတဲ့ မီးတောက်ကို ခင်ဗျားတို့ မြင်ကြမှာပေါ့။ အဲဒီမီးတောက်ဟာ ပထမထွန်းညှိခါစ မီးတောက်ဟုတ်လား မဟုတ်လား။ မီးကို သေသေချာချာကြည့်ပြီး ဉာဏ်နဲ့စူးစမ်းလိုက်စမ်းပါ။ အများအားဖြင့် မိမိတို့ ထွန်းညှိထားတဲ့ မီးတောက်ဟာ မငြိမ်းသေးသမျှ အစက မီးဘဲလို့ ထင်မှားနေကြပါတယ်၊ သေသေချာချာ ဉာဏ်နဲ့ ကြည့်မှ ပထမမီးတောက် မဟုတ်ဘဲ ဆီအဟောင်းတွေကိုလောင်ပြီး ကုန်ဆုံးသွားတဲ့ မီးတောက်ဟာ ချုပ်ပျောက်သွားကြပြီးနောက် ဖယောင်းဆီအသစ်အသစ်တွေကို လောင်တောက်နေတဲ့ မီးတောက်အသစ်တွေလို့ မြင်နိုင် အောင်ကြည့်လို့ ဘုရားကဥပမာပေးခဲ့တာပါ၊ ဟုတ်ရဲ့လား ယောဂီတို့ရဲ့၊ အဲဒီနေရာမှာ ဉာဏ်မရှင်းသေးရင် မီးတိုင် တိုတိုသွား

တာဟာ ဆီအသစ်အသစ်တွေကို လောင်တောက် သွားတာလို့သိလောက်ပါတယ်။ ဆီအသစ် မီးအသစ်တွေ လောင်လိုက်၊ ပျောက်လိုက်၊ လောင်လိုက်၊ ပျောက်လိုက် နဲ့ပါလားလို့ မြင်နိုင်ရမယ်။

အေး . . . ဒါကြောင့် မီးတောက်မီးလျှံကို ကြည့်ခြင်း အားဖြင့် အဟောင်းချုပ်ပျောက် ကုန်ဆုံးသလောက် မီးတောက်အသစ်အသစ်တွေပါလားလို့ မြင်သလို၊ မိမိတို့ရဲ့ ရုပ် အစဉ်ခန္ဓာအစဉ်ကိုမြင်အောင် ကြည့်တတ်ဖို့ ဘုရားရှင်က ဥပမာပေးခဲ့တာ၊ တော်တော့ ကိုသဘာဝကျလှပါတယ်။

ရေအလျဉ်ပမာ

အဲဒါကိုမှ သဘောမပေါက်သေးရင်တဲ့ နောက်ထပ် ယောဂီများထင်လွယ်မြင်လွယ်အောင် ဥပမာပေးခဲ့တာက နဒီသောတောဝိယတဲ့၊ မြစ်ရေအလျဉ်ပမာတဲ့ လယ်တီဆရာတော်ဘုရားကြီးကလည်း **"ကံ စိတ် ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍ လူ၏ ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအလျဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း"**တဲ့။

WWW.DHAMMARANSI.COM

ဆရာတော်ဘုရားကြီးက ဘုရားရှင်ရဲ့ဒေသနာတော်ကို ထပ်မံပြီး လူပြိန်းနားလည်အောင် စာသားလက်ာနဲ့ မီးလျှံအသွင် ရေအလျဉ်ပမာ၊ ရုပ်ခန္ဓာသည်လို့ ဖော်ညွှန်းထားတယ် ဗျ။ ရုပ်ခန္ဓာ . . . ဗျ၊ ရုပ် - ရုပ် ဘယ်ခါမစဲ ဖြစ်ပျက်မြဲတည်းဆိုတဲ့ စာသားဆက်လိုက်တော့ ရုပ်တွေဟာ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်ကုန်တဲ့သဘောဆဲတဲ့၊ ဖြစ်ခြင်းကို ပါဠိလိုဥဒယလို့ခေါ်တယ်။ ပျက်ခြင်းကိုပါဠိလို ဝယ လို့ခေါ်တယ်။ နှစ်ခုပေါင်းလိုက်တော့ မြန်မာလို ဖြစ်ပျက်၊ ပါဠိလို ဥဒယဗ္ဗယလို့ခေါ်ပါတယ်။

ကဲ . . . ဘုရားရှင်ရဲ့ နဒီသောတောဝိယ . . ရေအလျဉ်ပမာလို သဘာဝကျကျမြင်လာပြီး ဆင်ခြင်တတ်အောင် အကျယ်ချဲ့ပြီးရှင်းပြဦးမယ်။ ယောဂီများကိုယ်တိုင် မြစ်ကမ်းနား၊ ချောင်းကမ်းနားကို ရောက်ဖူးကြမှာပေါ့။ ခင် ဗျားတို့ရှေ့မှာ ဘာရှိမလဲ၊ ရေစီးကြောင်းကြီးရှိမှာပေါ့။ ဟုတ်ပြီ၊ အဲဒီရေစီးကြောင်းကြီးဟာ ငြိမ်သလား၊ လှုပ်ခါပြီး မငြိမ်မသက်ရှိနေသလား၊ အေး ဟုတ်ပြီ၊ မငြိမ်မသက်ပါဘူးလို့ ခင်ဗျားတို့ ဖြေကြတယ်။

ဘယ်ကိုမှ မတိမ်းမစောင်းပါစေနဲ့၊ ရှေ့တည့်တည့်က ပထမမြင်ခါစရေရှိသေးသလား၊ မရှိတော့ဘူးလို့ ခင်ဗျားတို့ ဖြေတာမှန်ပါတယ်၊

ဘယ်ကိုရောက်သွားသလဲ၊ စီးဆင်းသွားပြီလို့ ဖြေတာမှန်ပါတယ်။ ဒါဖြင့် စီးဆင်းသွားလို့ရေစီးကြောင်းကြီး ပျောက်သွားသလား၊ မရှိတော့ဘူးလား။ မပျောက်သွားဘူးလို့ ဖြေတာမှန်ပါတယ်။

ဘာကြောင့် မပျောက်သွားတာလဲ၊ နောက်ကရေအသစ်အသစ်တွေရောက်လာလို့ ရေစီးကြောင်းကြီး မပျောက်သွားတာ ခင်ဗျားတို့ အမြင်မှန်ပါတယ်။

ရှေ့ကရေတွေ စီးဆင်းကုန်ဆုံးသွားသော်လည်း ဒုတိယရေ၊ တတိယရေ၊ အသစ်အသစ်ရောက်လိုက်၊ စီးဆင်းလိုက် အဆက်မပြတ်လို့ ရေစီးကြောင်း မပျောက်သွားသလို ဥပမာကို ဥပမေယျနဲ့ကြည့်ကြစို့။

ဥပမာ--ဥပမေယျစပ်ဟပ်ပြ

ကဲ ယောဂီတို့ မိမိရဲ့ခန္ဓာကိုယ်ကို သမာဓိနဲ့ စူးစူးစိုက်စိုက်ကြည့်လိုက်စမ်းပါ။ ငြိမ်သက်နေပါသလား၊ အေး ရေမှုန်ကလေးတွေ စုပေါင်းထားတဲ့ရေစီးကြောင်း

WWW.DHAMMARANSI.COM

"အဋ္ဌကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာအပျော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်းအထွေထွေ၊ ပွေပွေအလီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဌာန်၊ ပေါ်လာပြန်သည်၊ မှားရန်အကြောင်းနိမိတ်တည်း" ဆိုတဲ့ လယ်တီဆရာတော်ဘုရားကြီး စာသားအရ ပရမာဏုမြူမှုန်ကလေးတွေ အနန္တများစွာ စုပေါင်းထားသောရုပ်ဟာ လှုပ်ခါနေပြီ၊ လှုပ်ခါတဲ့အရှိန်အဟုန်နဲ့ မြူမှုန်ကလေးတွေဖြစ်လာရောက်လာတဲ့အခိုက်အတန့်မှာ လှုပ်ခါတဲ့ခံစားချက်၊ နာမ်တရားမှာ ခံစားမှတ်သားသိရှိလို့. . . .

ဝေဒနာလည်း မဖြဲ

ပူရှိန်အဟုန်နဲ့ မြူမှုန်ကလေးတွေ ဖြစ်လာ ရောက်လာတဲ့ အခိုက်အတန့်မှာ ပူတဲ့ခံစားချက်၊ နာမ်တရားမှာ ခံစားမှတ် သားသိရှိလို့ . . .

တင်းတင်းတောင့်တောင့် ဖောက်ပြန်မာကြောတဲ့ ဓါတ် သဘောလွန်ကဲတဲ့အဟုန်နဲ့. မြူမှုန်ကလေးတွေ ဖြစ်လာ ရောက်လာတဲ့အခိုက်အတန့်မှာ တောင့်တင်း၊

ကြီး မငြိမ်မသက်ဖြစ်နေသလို ပရမာဏုမြူမှုန်ကလေးတွေစုပေါင်းထားတဲ့ ခန္ဓာကိုယ်ကြီးဟာလည်း မငြိမ်မသက်ဖြစ်နေပါတယ်၊ ရှုထားပါ၊ ရှုထားပါ။

စူးစူးစိုက်စိုက် ရှုထားပါ။ အလုပ်ပေးတရားဆိုတော့ ဟောကွက်နဲ့ ရှုကွက်အံဝင်ခွင်ကျအောင် ညှစ်ပြသလို ရှုပွားရမယ်၊ ယောဂီတို့ရေ၊ အဟောတရားမဟုတ်ဘူး၊ အလုပ်ပေးတရား၊ နာတရားသက်သက်မဟုတ်ဘူး၊ ရှုကွက်နဲ့ ရှုတတ်ရမဲ့ အလုပ်ပေးတရားဗျ။

ရေစီးကြောင်းကြီးကို ကြည့်မြင်ရတာက မံသအသား မျက်စိ၊ အခု - ခန္ဓာကိုယ်ကြီးကို ကြည့်မြင်တာက သမာဓိနဲ့ ဉာဏ်မျက်စိနော်၊ ပူမှုတွေ၊ အေးမှုတွေ၊ တောင့်မှုတွေ၊ တင်းမှုတွေ၊ ရွမှုတွေ၊ မွမှုတွေနဲ့ တစ်ခဏလေးမျှ မရပ်မနား ဒလစပ်အားဖြင့် ဖောက်ပြန်နေတဲ့ ရုပ်မှုန်တွေရဲ့ အရှိန်အဟုန်တွေကို မြင်ပြီပေါ့၊ ဟုတ်ပြီ - လှုပ်လှုပ်နေတဲ့ ရေစီးကြောင်းကြီးလို ရုပ်မှုန်တွေလဲ လှုပ်ခါနေပြီ၊ ရေစီးကြောင်းဆိုတာက ရေမှုန်တွေစုပေါင်းထားတာ၊ ခန္ဓာကိုယ်က ပရမာဏုမြူမှုန်ကလေးတွေစုပေါင်းထားတာ အတုံးအခဲကြီး မဟုတ်ဘူးလို့ သိဘို့ အချိန်ရောက်ပြီဗျ။ ဟုတ်ရဲ့လား။

WWW.DHAMMARANSI.COM

ထုံကျင်၊ ကိုက်ခဲတာတွေ နာမ်တရားမှာ ခံစား၊ မှတ်သား၊ သိရှိလို့။

ဖြစ်ပျက်ကိစ္စအဝဝကို ရုပ်မှုန်ကလေးတွေပြောင်းလဲတိုင်း၊ ဝေဒနာတွေလဲ ပြောင်းလဲနေပါလား၊ ခံစားမှုဝေဒနာလဲ မမြဲဘဲကိုးလို့ ရှုရမယ်ဗျ၊ သူ့သဘောအတိုင်း အနတ္တပဲလို့လဲ ရှုလို့ရတယ်ဗျ၊

အဲဒီတော့ လိုရင်းကို အတိုချုပ်ပြောရရင် လှုပ်လှုပ်ရွရွ၊ မွမွ တောင့်တောင့်တင်းတင်းစတဲ့ ဓါတ်သဘာဝတွေနဲ့သူ့ သတ္တိသူပြပြပြီး ဖြစ်ကုန်ပျက်ကုန်တဲ့သဘောတရား၊ နောက်ထပ်အသစ်အသစ်ရောက်လာတဲ့ အမှုန်ကလေးတိုင်းရဲ့ အရှိန်အဟုန်တွေဟာ တစ်ချက်ကလေးမှမရပ်မနားဘဲ ကုဋ္ဌေငါးထောင် လျင်မြန်လှတဲ့အရှိန်အဟုန်မျှသာ . . .

ဉာဏ်မိပြီး ရှုမှတ်မှ ဖြစ်ပျက်အစစ်ရှုတာ

စူးစူးစိုက်စိုက် ရှုထားလိုက်စမ်းပါ၊ လှုပ်လှုပ်လှုပ်လှုပ် ရိပ်ရိပ်ရိပ်ရိပ် ရွရွရွရွ မွမွမွမွ၊ ပူအေးတောင့်တင်းစတဲ့ သဘာဝတွေနဲ့ ဖြစ်ကြပျက်ကြ၊ ဖြစ်ကြပျက်ကြနဲ့ ရုပ်မှုန်ကလေးတွေရဲ့ ဖြစ်ပျက်သဘောတရားသက်သက်မျှပါတကား။

ငါလှုပ်တာလား၊ ငါပူတာလား၊ ငါကျင်တာလား မဟုတ်ပါဘူး။ ဓါတ်သဘာဝတွေရဲ့ ကလာပ်စည်း အမှုန်ကလေးတွေရဲ့ အရှိန်အဟုန်တွေ ဖြစ်ကုန် ပျက်ကုန်တဲ့သဘော၊ သဘာဝသက်သက်မျှပါတကား၊ အဲဒီလိုရှုပွားနေရမယ်၊ ရှုထားပါ၊ သဘောတရားနဲ့ပြောသွားတာကို ခန္ဓာကိုယ်တွင်း ဉာဏ်သွင်းပြီးတော့ သိမြင်အောင် ရှုတတ်ရမယ်။ မှတ်တတ်ရမယ်၊ သူပြောလူပြော စာဟောမဟုတ်စေဘဲ ရုပ်မှုန်ကလေးတွေရဲ့ အရှိန်အဟုန်နဲ့ တရှိန်းရှိန်း တစ်သုတ်သုတ်၊ တစ်လှုပ်လှုပ် တရွရွ လှုစ်လှုစ်လှုစ်လှုစ် ရိပ်ရိပ်ရိပ်ရိပ် ရွရွရွရွ မွမွမွမွ ပူအေးတောင့်တင်းစတဲ့ ဓါတ်သဘောတွေ ပြပြပြီးတော့ ဖြစ်ကုန်ပျက်ကုန်တဲ့၊ ပရမာဏုမြူမှုန်တွေရဲ့ အဟုန်ပါလားလို့ ဉာဏ်မိပြီးရှုမှတ်ပါမှ ဖြစ်ပျက်အစစ် ရှုတာ။

အများအားဖြင့် တစ်လောကလုံး ဖြစ်ကုန်ပျက်ကုန်ကြတာပါပဲလို့ ပြောကြတာဟာ မှန်တော့မှန်ပါရဲ့၊ ဝါးလုံးရှည်ကြီးနဲ့ ရမ်းလိုက်ရင် ထိတော့ထိသွားတာပေါ့၊ ဒါပေမယ့် ချက်ကောင်းကို မထိသလိုပါဘဲ၊ အဲဒီလို ဖြစ်ပျက်ရှုနည်းမျိုး မဖြစ်စေဘဲ မယ်မယ်ရရ ဂ-ဃ-န-ဏ မိမိခန္ဓာကိုယ်က ပရမတ္ထသဘာဝမြူမှုန်ကလေးတိုင်း

WWW.DHAMMARANSI.COM

ရဲ့ အရှိန်အဟုန်တွေ တစ်ခဏလေးမှ မရပ်မနားဘဲ ဖြစ်ကုန်ပျက်ကုန်တဲ့ သဘာဝသတ္တိတွေပါလားလို့ ဉာဏ်ဝမှာ ထင်မြင်အောင်ရှုမြင်ပါမှ ဗုဒ္ဓအလိုတော်ကျ ဖြစ်ပျက်ဗျ၊ တကယ့်ရုပ်နာမ်အပေါ်မှာ ရှုမြင်တဲ့ ဖြစ်ပျက်ဗျ၊ ရုပ်ဖြစ်ပျက်ပါဗျာ။

ရုပ်ဖြစ်ပျက် နာမ်သိပျက်

ရုပ်ဖြစ်ပျက်ဆိုတော့ နာမ်ဘက်ကသိပျက်ပေါ့၊ အဲဒီလိုနားလည်ရမယ်၊ သဘောပေါက်ရမယ်၊ ပစ္စုပ္ပန်ရဂူဟဉာဏ်အတိုင်း အပြန်အလှန် သိမ်းဆည်း ထောက်ပံ့မှုကိစ္စဆောင်ရွက်ကြတယ်လေ၊ ရုပ်ဖြစ်ပျက်ဆိုရင် နာမ်သိပျက်လို့မြင်ရမယ်၊ အဲဒီလိုနားလည်ရမယ်ဗျ၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက် တဒင်္ဂပဟာန်မှာ သဗ္ဗညုတဉာဏ်တော်နဲ့ ရုပ်ဖြစ်ပျက် ကုဋ္ဌေငါးထောင်၊ နာမ်သိပျက် ကုဋ္ဌေတစ်သိန်းလို့ ဟောတော်မူတဲ့ အရေအတွက်ကိုမီဖို့ သိဖို့ မမီနိုင်ပါဘူး။ သို့ပေမယ့် အရှိန်အဟုန်တွေရဲ့ သတ္တိကိုတော့ ဉာဏ်မျက်စိ နဲ့ ဆင်ခြင်ပြီး ရှုမြင်ကြပါတယ်။

အဲဒီနေရာမှာ အဘိဓမ္မာစကားနဲ့ ပြောရရင်ဥပါဒ်

ဌိဘင်အားဖြင့် ခဏငယ် ၃-ချက်ရှိရာမှာ ဥပါဒ်ဆိုတာက ဖြစ်ခြင်းသဘော၊ ဌိဆိုတာက တည်ခြင်းသဘော၊ ဘင်ဆိုတာက ပျက်ခြင်းသဘော၊ ဥပါဒ်ဌိဘင် ခဏငယ်သုံးချက်အားဖြင့် ဖြစ်တည်ပျက်၊ ဖြစ်တည်ပျက်ဆိုငြားသော်လည်း ဖြစ်တဲ့ပျက်တဲ့ ကိစ္စတို့မှာ အချိန်ကာလတိုင်းတာလို့ ရသော်လဲ ဌိဆိုတဲ့တည်ကာလမှာ အချိန်ပိုင်းခြားတိုင်းတာလို့ ပြောပလောက်အောင် မရတာမို့ အလွန်လျင်မြန်လွန်းလှတာကြောင့် ဌိကာလကို ဖျက်လိုက်ပြီးတော့ ဥပါဒ်နှင့်ဘင်ကို အဓိကထားပြီး ဖြစ်ပျက်ရှုပွားချက်ပေါ့။

အဲဒီလို ဒေသနာဓမ္မလမ်းစဉ်အရ ဟောစဉ်နဲ့တကွ ကျင့်စဉ်ပါတွဲဖက်ခါအံဝင်ဂွင်ကျ သင်ပြပေးနေပါတယ်။ ရှုထားပါ . . . ရှုထားပါ။

တစ်ကယ်ဖြစ် တစ်ကယ်ပျက်နေတဲ့ ပရမတ္ထသဘာဝ အရှိန်အဟုန်တွေဟာ လှုစ်လှုစ်လှုစ်လှုစ် ရိပ်ရိပ် ရိပ်ရိပ်၊ မွမွ မွမွနဲ့ ရှေ့ကဖြစ်လိုက် ချက်ချင်းပျက်လိုက်၊ ပျက်နေရာမှာ အသစ်ဖြစ်လိုက်နဲ့ ဖြစ်ပျက်နေကြတဲ့ သဘာဝတွေ . . အရှိန်အဟုန်တွေ . . ဉာဏ်ထဲမှာထင်မြင်ပြီး ဆင်ခြင်နေရမှာ . . ပို့ကွက်နဲ့

WWW.DHAMMARANSI.COM

ရှုကွက်တစ်ထပ်တည်းကျအောင် ရှုတတ်ဖို့ ဟောနေတာဗျ။

ယောဂီတို့ရေ . . ရေစီးကြောင်းကြီး ပျောက်မသွားသလို နောက်ထပ် ရုပ်မှုန်အသစ်အသစ် ဆက်ခါဆက်ခါ ကံ စိတ် ဥတု အာဟာရအကြောင်းတရား ၄-ပါးထောက်ပံ့မှုကြောင့် ရောက်ရောက်လာကြလို့ ခင်ဗျားတို့ ယခုလို ငုတ်တုတ်တရားအားထုတ်နေကြတဲ့ ရုပ်သစ်နာမ်သစ်တွေနဲ့ ခန္ဓာကိုယ်ကြီးပါတကား။ တရားစထိုင်စက ရုပ်လဲမဟုတ်တော့ပါလား။ ရုပ်သစ်နာမ်သစ်တွေနဲ့ တရားအားထုတ်နေကြပါကလား၊ အမေမွေးကဘည်းကမသေမချင်း ဒီရုပ် ဒီနာမ်ဘဲလို့လဲ အထင်လွဲ အမှတ်လွဲအယူလွဲခဲ့ကြတယ်။ယောကျ်ား၊ မိန်းမ၊ လူပဲ၊ နတ်ပဲ၊ ငါပဲလို့လဲ အမှတ်လွဲအယူ လွဲခဲ့ကြတယ်။ ဘာဝနာမယဉာဏ်နဲ့ရှုပွားကြည့်တော့မှ ရုပ်နာမ်တို့ရဲ့ အရှိန်အဟုန်တွေလို့ သိကြရပါတယ်။ အခုခင်ဗျားတို့ ရှုပွားနေတဲ့ဖြစ်ပျက်အရှိန်အဟုန်ကြောင့် ရုပ်သစ်တွေ ဖြစ်ပျက်နေပုံကို သိပ်ပံဆရာတွေကလဲ တိုင်းတာတွေ့ရှိနေကြပါတယ်။ ဒေသနာအရ ပရမာဏုမြူမှုန်ရုပ်နှုကလေးကို သိပ်ပံဆရာတွေက မှန်ဘီလူး၊ မှန်ပြောင်းတွေနဲ့ ကြည့်တဲ့

အခါသူတို့ရဲ့ ဘာသာစကား အခေါ်အဝေါ်အရ PROTO PLASM ပရိုတိုပလပ်ဇမ်လို့ ခေါ်ပါတယ်။ အဲဒီရုပ်နုကလေးတွေဟာ ထခုန်လိုက် ချက်ချင်းပျောက်လိုက်၊ ထခုန်လိုက် ချက်ချင်း ပျောက်လိုက်နဲ့ အသစ်အသစ် မြန်နှုန်းနဲ့ ဖြစ်ပျက်နေတာကို မြင်ကြရပါသတဲ့ အဲဒီလိုဖြစ်ပျက်တဲ့။ မြန်နှုန်းကို တိုင်းတာကြည့်တဲ့အခါ နာနိုစက္ကန့် NANOSECOND သဗ္ဗညုတ ရွှေဉာဏ်တော်က ကုဋ္ဌေငါးထောင်ကို သူတို့မမှီပါဘူး။ ဖြစ်ကုန်ပျက်ကုန်တဲ့သဘောကို သူတို့လက်ခံရပါတယ်။ အေး-ဒါကြောင့် လှစ်လှစ် ရိပ်ရိပ် မွှမွှ ပူအေး တောင့်တင်းနာကျင်စတဲ့ အရှိန်အဟုန်တွေနဲ့ ပရမာဏုမြူမှုန်ကလေးတွေဟာ သူ့သတ္တိသူပြပြပြီး ဖြစ်ကုန်ပျက်ကုန် အဟောင်းချုပ်ပျောက် အသစ်ရောက်လာကြတဲ့ ရုပ်ဓါတ်သတ္တိသက်သက်မျှသာလို့ ရှုထားပါ။

လူတိုင်းနားလည်လွယ် သိလွယ်တဲ့ သာဓကကို ကြားညှပ်ပြီးတင်ပြ ပြောပြလိုက်ပါအုံးမယ်။ ယောဂီတို့တစ်တွေ ရုပ်ရှင်ကြည့်ဖူးကြပါတယ်။ အဲဒီရုပ်ရှင်ဟာ ဖလင်လိပ်နဲ့ ရုပ်ပုံတွေကို အမြန်နှုန်းစက်အားနဲ့ ဆွဲပြီးပိတ်ကားပေါ်မှာ ရုပ်ပုံတွေထင်လာ ပေါ်လာစေတဲ့ကိစ္စ

WWW.DHAMMARANSI.COM

မယ်။ အဲဒီနေ ရာမှာလဲ ရုပ်မှုန်အရှိန်တွေဟာ ဘယ်နေ ရာကဖြစ်ပေါ်ပြီး ဘယ်နေရာကိုရောက်သွားကြပါ လိမ့်မ လဲလို့ တွေးတောစိတ်၊ သံသယစိတ်မဝင်ရအောင်ဆိုရင် ဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ဟောခဲ့စဉ်က ရုပ်ကိုကံစိတ် ဥတုအာဟာရအကြောင်း ၄-ပါး ထောက်ပံ့သိမ်းဆည်းမှု ကြောင့်လို့ သိရှိရမယ့်အပြင် မြတ်စွာဘုရားသခင် ကလည်း အဓိပ္ပါယ်ရှင်းပြီး သံသယကင်းအောင် မဟာ နိဒ္ဒေသပါဠိတော်ကြီးမှာ

ဥပမာဒေသနာ

အနိမာနဂတာ ဘဂ္ဂါ၊
ပုဗ္ဗော နတ္ထိ အနာဂတော။
နိဗ္ဗတ္တာ ယေ စ တိဋ္ဌန္တိ၊
အာရဂ္ဂေ သာသပူပမာ။

(မဟာနိဒ္ဒေသ ၃၂/၉၁)

လို့ မိန့်မှာဟောကြားတော်မူခဲ့ပါတယ်။ အဓိပ္ပါယ်က -

ဘဂ္ဂါ - ဖြစ်ပေါ်ပြီးသည်နောက် ချက်ချင်းပင် ချုပ် ပျောက်ကြကုန်သော ရုပ်နာမ်နှစ်ပါးတို့ သည်။

အနိမာနဂတာ- ငြိမ်းလေပြီးသော ဓါတ်မီးပမာ သို့မှီးရာ

မှာ လူတစ်ယောက်က တစ်ယောက်ကို လက်သီးနဲ့ထိုးတဲ့ အမှုအယာတစ်ခု ပိတ်ကားပေါ်မှာပေါ်လာဖို့ ဖလင် ကားကလေးပေါင်း တစ်ရာကျော်နှစ်ရာလောက် ရိုက် ကူးထားရတာကို ဖလင်လိပ်မှာတွေ့ရပါလိမ့်မယ်။ အဲဒီ အရုပ်လေးတစ်ရာကျော်ကို စက်အားအမြန်နှုန်းနဲ့ ဆွဲပြလိုက်တော့ လက်သီးနဲ့ခိုန်ရွယ်တဲ့ပုံကစပြီး ထိုးမိတဲ့ အထိတစ်ဆက်တည်းမြင်တွေ့ရပါတယ်။နဂိုပုံစံမှာ တစ်ပုံစီ,တစ်ပုံစီ, တစ်ဖြတ်တည်း အပြတ်အပြတ်ဖြစ် သော်လည်း မြန်နှုန်းနဲ့ဆွဲလှည့်လို့ တစ်ပြိုင်နက် ဖြစ်သွား တာမြင်ရသလို ရုပ်ဖြစ်ပျက် ကုဋေငါးထောင် နာမ်သိ ပျက် ကုဋေတစ်သိန်းကြောင့် ရုပ်နာမ်တွေက တဆက် တည်းလို့ ထင်နေကြတဲ့ အထင်မှား အမြင်မှား အယူ မှား၊ သန္တတိမြဲတယ်လို့ ထင်မြင်တဲ့အမှားကို ပယ်ရှား နိုင်တဲ့ ဉာဏ်သက်ဝင်အောင် ရှုကြရမယ် ယောဂီတို့ရေ

. . . .

ရုပ်ဖြစ်ပျက် နာမ်သိပျက် သဘောသက်သက်ပါ တကား၊ ရုပ်ကပူရှိန် အေးရှိန်တွေနဲ့ ဖြစ်ပျက်ကုန်တော့ နာမ်က ပူရှိန်အေးရှိန်နဲ့ သိကုန်ပျက်ကုန်တဲ့သဘောပါ လားလို့ ဂ-ယ-န-ဏ ကြီး ဉာဏ်သက်ဝင်ရှုပွားနေရ

WWW.DHAMMARANSI.COM

မရှိသောအဖြစ်သို့ ရောက်သွားကြလေကုန်ပြီ။

(ဘယ်နေရာကိုရောက်သွားကြတယ်လို့ မပြောနိုင် မပြနိုင်အောင် ချုပ်ပျောက်ကုန်ဆုံးဟယ်လို့ ဆိုထားပါတယ်ဗျာ။)

အနာဂတေ - မဖြစ်သေးမီကာလကလည်း။

ပုဉ္ဇော - ဖြစ်ပေါ်လာဖို့ရာ အစုအပုံကြီးသည်။

နတ္ထိ - ကြိုတင်ပြီးတော့မရှိနှင့်ပါပေ။ (ရုပ်သစ်တွေ နာမ်သစ်တွေ ဖြည့်စွက်လို့ဖြစ်ပေါ်ဖို့ စုပုံထားခြင်းလည်း မရှိခဲ့ပါဘူးတဲ့။

ယေ စ - အကြင်ပစ္စုပ္ပန် ရုပ်နာမ်တို့သည်လည်း။

နိဗ္ဗတ္တာ - အကြောင်းတိုက်ဆိုင်ကာမျှ ဖြစ်ပေါ်လာကြကုန်၍။

တိဋ္ဌန္တိ - အခိုက်အတန့်မျှသာ တည်နေနိုင်ကြပါကုန်၏။

(အဲဒီနေရာမှာ ကံ စိတ် ဥတု အာဟာရအကြောင်း ထောက်ပံ့မှုကြောင့် ချက်ချင်းဖြစ်ပြီး ချက်ချင်းပဲ ပျက်ကုန်ပါသတဲ့။)

ဇတ စ - ထိုပစ္စုပ္ပန် ရုပ်နာမ်တို့သည်လည်း။

အာရဂ္ဂေ - အပ်နဖားထွင်းသော စူးဖျားထက်၌။

သာသပ္ပုပမာ - ဒလစပ် မပြတ်တင်ချအပ်သော မုန်ညင်းစေ့တို့နှင့် ပမာတူကုန်ကြသည်ဖြစ်၍။

တိဋ္ဌန္တိ - တစ်ခဏတာလေးမျှသာ တည်နေနိုင်ကြပါကုန်သတည်း။ (ဆိုလိုတာက ဖြစ်ပျက်ရဲ့ မြန်နှုန်းကို ဥပမာပြခြင်းပါပဲဗျ။) နောက်တစ်မျိုးဥပမာပေးဟောတော်မူခဲ့တာက -

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပဋ္ဌန္တိ ဝယန္တိစ။

ဣမေ နာမရူပါ - ဤရုပ်နာမ် နှစ်ပါးတို့သည်။

အဒဿနတော - မမြင်ရရာ အရပ်နေရာဆီမှ။

အာယန္တိ - ရုတ်ခနဲ မြန်စွာဖြစ်ပေါ်၍ လာကြပါကုန်၏။

ဘင်္ဂါ - ပျက်ပြီးပျက်ဆဲဖြစ်ကုန်သော ရုပ်နာမ်တို့သည်။

အဒဿနံ -ဘယ်ဆီဒေသဘယ်ဌာနသို့ရောက်

WWW.DHAMMARANSI.COM

ကြသည်ဖြစ်၍ မမြင်ရ မသိရခြင်းသို့။

ဂစ္ဆန္တိ - ရောက်ကြလေကုန်၏။

ကိံ - အဘယ်သို့နည်းဟူမူကား၊

အာကာသေ - ထက်ဝဠာတစ်ခွင် မိုးကောင်းကင် ၌၊

ဝိဇ္ဇုပ္ပါဒေါ - လျှပ်စစ်လျှပ်ပန်း လျှပ်နွယ်တွေ သန်းသကဲ့သို့။

ဥပ္ပဇ္ဇန္တိ စ - ဖြစ်လည်း ဖြစ်ပေါ်လာကြကုန်၏။

ဝယန္တိ စ - ချက်ချင်းချုပ်ပျောက်လည်း ချုပ်ပျောက်ကြကုန်၏။

ဆိုတဲ့ ဒေသနာတော်အရ ရုပ်နာမ်တို့ရဲ့ ဖြစ်ပုံ ပျက်ပုံ လျင်မြန်ပုံတွေကို လျှပ်စီးလက်တဲ့ပုံနဲ့ ဥပမာပေးတော်မူလျက် မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို ဒေသနာယုတ္တိခိုင်လုံစွာနဲ့ သိထားပွားထားနိုင်ကြရင်ဖြင့် ဉာဏ်စဉ်တွေရင့်ကျက်မြင့်တက်ပြီး ဥပက္ကိလေသတွေ ကျော်လွှားနိုင်ကြရင် ဘင်္ဘာယ အာဒီနဝ နိဗ္ဗိန္ဒ ဉာဏ်တွေတက်လို့မို့ မင်္ဂ,ဖိုလ်, နိဗ္ဗာန်ထိရနိုင်မျက်မှောက် ပြုနိုင်ပါတယ်။

အဲဒီလို တစ်မင်္ဂတစ်ဖိုလ်ဇောကျတဲ့ သောတာ

ပတ္တိမင်္ဂရပြီးပုဂ္ဂိုလ်များ သကဒါဂါမိမင်္ဂအဆင့်ကို ဆက်လက်ကျင့်ပွားမယ်ဆိုရင် ဥဒယဗ္ဗယဉာဏ်က ခြေခံတက်လှမ်းကျင့်ပွားရတာမို့ အလွန်တန်ဖိုးရှိလှတဲ့ ဝိပဿနာဘာဝနာစခန်းမှာ အဓိကသော့ချက် ရှုပွားနည်းကို ယောဂီများရရှိထားပြီမို့ လူပြည်မှာ လူဖြစ်ကျိုးနပ်တဲ့အပြင် မြတ်တဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်လို့ ဘုရားသခင်ရဲ့ မိန့်ကြားတော်မူချက်ကို ဒေသနာယုတ္တိနဲ့ ထုတ်ပြလိုက်ပါအုံးမယ်။ ဒေသနာယုတ္တိက ထေရီအပါဒန်ပါဠိတော်ကြီးမှာ -

မြတ်သောပုဂ္ဂိုလ်မြတ်သောနေနည်း

ယော စ ဝဿသတံ ဇီဝေ၊ အပဿံဥဒယဗ္ဗယံ။

စကာဟံ ဇီဝိတံ သေယ္ယော၊ပဿတော ဥဒယဗ္ဗယံ။

ယော စ - အကြင်သူသည်လည်း။

ဥဒယဗ္ဗယံ - ဖြစ်ပျက်မူလ ရုပ်နာမ်သင်္ခါရကို။

အပဿံ(အပဿန္တော) - မသိမမြင်ပါလျက်။

ဝဿသတံ - အနှစ်တစ်ရာကာလပတ်လုံး။

ဇီဝေ - အသက်ရှည်ငြားအံ့။

WWW.DHAMMARANSI.COM

ဆုတောင်း

ဥဒယဗ္ဗယသခ်ီရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။

သကိစ္စမနုယုဉ္ဇေယျ၊ မောဃကာလံနခေပယေ။

ဘောန္တော - သံသရာဘေး လာမည့်ရေးကို မျှော်တွေး ကြောက်ငြောင်းသူတော်ကောင်းတို့။

ပဏ္ဍိတော - ဝိပဿနာ မြင်ခါသိသမို့ ပညာရှိလို့ ခေါ်ဆိုအပ်တဲ့ ယောဂီမြတ်သည်။

ဥဒယဗ္ဗယသခ်ီရေ- ဥပါဒ်ဌိဘင် အစဉ်အမြဲ အမျှင် တဖွဲဖွဲနဲ့ ဖြစ်ခြင်းပျက်ခြင်း မစဲရှိနေကြတဲ့ သခ်ီရဓမ္မတွေကို။

နိဗ္ဗိန္ဒတိ - သံသရာခရီးတစ်ကွေ့မှာဖြင့် ဖန်ခါခါအပြီး တွေ့ခဲ့ကြသမို့ မှန်မကွာငြီးငွေ့ကြဖို့ ကောင်းကြလှပါလေပြီ။

နိဗ္ဗိန္ဒိတွာန - ရုပ်နာမ်ရဲ့အပေါ်မှာ အဟုတ်အမှန်နော် ငြီးငွေ့ကြကုန်ပြီး၍။

သကိစ္စံ - သားကိစ္စ၊ သမီးကိစ္စ၊ စီးပွားရေး၊ ကြီးပွားရေးကိစ္စတွေနဲ့ အလကားအချိန်ကို မကုန်လွန်ကြပါကုန်လင့်၊ ကလိန်ချ။

တသ(ဇီဝတော)-ထိုသူ၏ အသက်တစ်ရာ ခန္ဓာမြင့်ရှည် တည်နေရသည်ထက်။

ဥဒယဗ္ဗယံ - ခန္ဓာငါးဝ အနိစ္စဓါတ် မလပ်မှန်စွာ ဖြစ်ပျက်ခြင်းရာကို။

ပဿတော - ရှုပွားဆင်ခြင်၊ သိမြင်သောသူ၏။

ကောဟံ - တစ်နေ့တစ်ရက်တာမျှ။

ဇီဝိတံ - အသက်ရှည်ရခြင်းသည်။

သေယျော - မြတ်လှပါပေတော့သတည်း။

လို့မြတ်စွာဘုရားသခင်က အလွန်အဆင့်အတန်းမြင့်တဲ့ ကျင့်စဉ်ရယ်လို့ ချီးမွမ်းတော်မူခဲ့ပါတယ်။

လူ့ပြည်မှာ မြတ်သောပုဂ္ဂိုလ်တွေအဖြစ်နဲ့ အသက်ရှည်ခါ ဘာဝနာ အရှိန်အဟုန်တွေ မြင့်တက်အောင် ဆက်လက်ကျင့်ပွားနိုင်ကြပါစေလို့ ဆုတောင်း ပတ္ထနာပြုလျက် ယောဂီအပေါင်း သူတော်ကောင်းတို့ ဆက်လက် ကျင့်ပွားကြပေတော့။

ကဲ . . . ဆုတောင်းပတ္ထနာပြုလိုက်အုံးမယ်။

WWW.DHAMMARANSI.COM

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

သစ္စာအဓိဋ္ဌာန်

ဘုန်းတော်အနန္တနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားဟောကြားတော်မူအပ်သော သစ္စာလေးပါးတရားကို ပိုင်းခြားထင်စွာ သိမြင်လိုပါ၍ မလျှပ်မယှက်ငြိမ်သက်သော ကာယနွေ့ဖြင့် တစ်နာရီတိတိ ဝိပဿနာကမ္မဋ္ဌာန်းတရားကိုအားထုတ်ပါမည်ဟု တပည့်တော်၏ ကိုယ်စိတ်နှစ်ပါးကိုလျှဒါန်း၍ သစ္စာအဓိဋ္ဌာန်ပြုပါ၏ အရှင်ဘုရား။

ကမ္မဋ္ဌာန်းရွတ်ခြင်းသည် ညှဉ်းဆဲခြင်းမဟုတ်

မိမိတို့ကြိုက်နှစ်သက်သော ဣရိယာပုထ်နှင့် အားထုတ်ရအောင် ပြင်ကြပါ။ ယောဂီအပေါင်း သူတော်ကောင်းတို့၊ ယနေ့ ပါရမီကုသိုလ်တို့ကို ဆည်းပူးပြည့်စုံနေပြီး ဘုရားသခင်ရဲ့ကျင့်စဉ်မှာ လိုရင်းအချုပ်ဖြစ်တဲ့

သံသရာအလုပ်မှ ခန္ဓာဝန် အမြတ်ထုတ်တဲ့ ခန္ဓာနာမ်ရုပ် အနတ္တဆိုတဲ့ ကိုယ်ပိုင်အလုပ်ကို။

အနုယုဉ္ဇေယျ- အဂါရသာသနာမှာ ဃရာဝါသ အဖြာဖြာ အမှုကိစ္စတွေများလှပါတယ်လို့ အလကား ဆင်ခြေတွေနဲ့မနေကြပါနဲ့တော့၊ သွားရင်လဲဆင်ခြင်၊ စားရင်လဲဆင်ခြင်၊ နေရင်လဲဆင်ခြင်၊ ထိုင်ရင်လဲဆင်ခြင်၊ တွင်တွင်ကြီး ပွားများလိုက်ကြပါလော့။

မောဃကာလံ - စားခါသောက်ခါ၊ ပျော်ပါးခါဖြင့်၊ လိုရာမပြီး၊အချည်းအနှီးကာလတွေကို(၀၀)ဟိုတယ်၊ဘုံဆိုင်၊အစုံလှိုင်၊ ဂုဏ်ပြိုင်ပျော်ပါး အလကားဟာတွေကို။

န ခေပယေ - အချိန်တွေ မကုန်လွန်ကြပါစေလင့်၊

န ခေပယေ - အချိန်တွေ မကုန်လွန်စေဘဲ ဝတ်ဘုံစွန်၊ ခေါ်လောက်တဲ့ နိဗ္ဗာန်ရွှေပြည် နန်းအမတဆီသို့ ခိပ္ပံမသွေအတည် လှမ်းနိုင်ကြရောက်နိုင်ကြပါစေသတည်း။

*****

WWW.DHAMMARANSI.COM

လျောင်း စတဲ့ ကုရိယာ ပုထိုတစ်ပါးပါးကို မပြုမပြင်ဘဲ ကြာကြာလေး ထားလိုက်ရင် ဒုက္ခသစ္စာကို မြင်နိုင်တာပေါ့၊ သိနိုင်တာပေါ့။

ဒီခန္ဓာကိုယ်ကြီးကို ဖျာ အခင်းစတဲ့ နူးညံ့တဲ့ ထိုင်ခင်းရဲ့အပေါ်မှာ ထိုင်လို့ပဲဖြစ်စေ၊ ရပ်လို့ပဲဖြစ်စေ၊ အိပ်လို့ပဲ ဖြစ်စေ၊ ငြိမ်ငြိမ်လေးထားတာပဲ၊ နေပူဒဏ်၊ မိုးရွာဒဏ်၊ လေဒဏ်တို့မထိခိုက်စေဘဲနှင့် အရိပ်အာဝါသအောက်မှာ ထားတာပဲ၊ ညှဉ်းဆဲမှုတစ်ခုမှ မပါပါဘူး။

အတ္တကိလမထာနုယောဂအကျင့်

အတ္တကိလမထာနုယောဂဆိုတဲ့ အကျင့်ရဲ့ အဓိပ္ပါယ်က ကိလေသာတွေ ထကြွသောင်းကျန်းမှု မရှိလေအောင် ရေ ငုပ် မီးလုံ့ တုံးခုံ ဇယ်ခပ် ဆူးပေါ်မှာ အိပ်ခြင်းစတဲ့ ကိုယ့်ကိုယ်ကို ပင်ပန်းဆင်းရဲအောင် ညှင်းဆဲတဲ့ တိတ္ထိတကွတွန်းတွေရဲ့ အလုပ်သာလျှင် အတ္တကိလမ ထာနုယောဂဖြစ်ပါတယ်။

သစ္စာလေးပါးကို ပေါ်လွင်ထင်ရှားစွာ ဆင်ခြင်ပွားများနိုင်ဖို့ ဘုရားထံမှာ အသက်ခန္ဓာတည်းဟူသော ရုပ်နာမ်နှစ်ပါးကို လျှုဒါန်း ပြီးတော့ မလှုပ်မယှက်ငြိမ်သက်သောကာယိန္ဒြေဖြင့် တစ်နာရီတိတိ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ကြတဲ့ ကိစ္စရပ်မှာ အချို့ပုဂ္ဂိုလ်တွေက မိမိကိုယ်ကို ပင့်ပန်းဆင်းရဲအောင် ညှဉ်းဆဲတဲ့ရှုပွားနည်းဖြစ်တယ်၊ အတ္တကိလမထာနုယောဂအကျင့်ဖြစ်တယ်လို့ အယူရှိကြတယ်၊ ပြောဆိုကြတယ်၊ အေး ဒါကြောင့် အဲဒီပြဿနာ၊ (တစ်နည်း) စောဒကတို့သံသယတို့ကို ပြေလည်အောင် ဖြေရှင်းပြီး နားလည်ဖို့ လိုပါတယ်။

ပညာရှိသူတော်ကောင်းတို့ရဲ့ စကားအစဉ်စာအစဉ်မှာ အနိစ္စကို သန္တတိဖုံးတယ်၊ ဒုက္ခကို ကုရိယာပုထိုဖုံးတယ်၊ အနတ္တကို ဃနဖုံးတယ်ဆိုတဲ့ မိန့်ဆိုချက်ကို ထောက်ဆရင် ဒုက္ခကို ကုရိယာပုထိုဖုံးတယ်ဆိုတဲ့ စကားရပ်မှာ ရုပ်နာမ်က ဒုက္ခကိုပြနေပါလျက်နှင့် ကုရိယာပုထိုကို အမျိုးမျိုးပြောင်း လွဲဖုံးလွှမ်း ဖျောက်ဖျက်နေကြတယ်လို့ တိတိကျကျဖော်ပြထားလို့ ဒုက္ခသစ္စာကို သိချင်ရင် လူတိုင်းမှာ အစဉ်ရှိတဲ့ သွား၊ ရပ်၊ ထိုင်၊

WWW.DHAMMARANSI.COM

ဒုက္ခဘယ်ကရ

အဲဒီဒုက္ခဘယ်ကရသလဲလို့ အဖြေရှာတော့ ဒီရုပ် ဒီနာမ်ရှိနေတာကြောင့်ဟူသတဲ့။ ဒီရုပ် ဒီနာမ် ဘာကြောင့် ဖြစ်တာလဲလို့ အရင်းဇစ်မြစ်အကြောင်းရင်းရှာရပေလိမ့်မယ်။

အဲဒီတော့ ဗုဒ္ဓကျင့်စဉ်ကျင့်ပွားတဲ့ ယောဂီများဖြစ်နေတော့ ဗုဒ္ဓရဲ့လမ်းညွှန်ကြောင်းကျိုးပြတဲ့ ဓမ္မတရားတော်အရဆိုရင် ပဋိစ္စသမုပ္ပါဒ်နှင့် ရုပ်နာမ်ဖြစ်ခြင်းရဲ့အကြောင်းအကျိုးကို ရှာမှုပြည့်စုံမယ်။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်က သံသရာလည်ကြောင်းရဲ့ အခြေခံကို ညွှန်ပြတာက "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"တဲ့ အဓိပ္ပါယ်ရင်းကိုပြောရရင်ဖြင့် သစ္စာလေးပါးကို မသိမမြင်တဲ့ အဝိဇ္ဇာအမှောင်ထုကြီးအရင်းခံပြီး ပုညာ ဘိသင်္ခါရခေါ်တဲ့ ကောင်းမှုကိစ္စအမျိုးမျိုးတွေကို ကာယကံ၊ ဝစီကံ၊ မနောကံစတဲ့ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလုပ်ဆောင်ရွက်ခြင်း၊ အပုညာဘိသင်္ခါရခေါ်တဲ့မကောင်းမှု ကိစ္စအမျိုးမျိုးတွေကို ကာယကံ၊ ဝစီကံ၊ မနောကံစတဲ့ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့်ပြုလုပ်ခြင်း

ဒုက္ခသစ္စာ

အခုကိစ္စက မိမိကိုယ်ပေါ်မှာတည်ရှိနေတဲ့ ဒုက္ခဆင်းရဲမှုက သူ့သတ္တိသူ ပြပြနေပါသော်လည်း ဣရိယာပုထ်ကို ခဏ ခဏ ပြောင်းလဲဖျောက်ဖျက်ပစ်ကြလို့ ရှေးပညာရှိ စကားစဉ်အရ ငုပ်လျှိုးသွားတဲ့ဒုက္ခကို ပေါ်လွင်အောင် ဖော်ထုတ်ရှုပွားတဲ့ အမှုဖြစ်တယ်လို့ သိထားကြဘို့ ရှေးဦးစွာရှင်းလင်းတင်ပြလိုက်ရပါတယ်။

သမာဓိအားနှင့် ငယ်ထိပ်ကစပြီး ခြေဖျားတိုင်အောင် ရှုပွားလိုက်တိုင်း ဓာတ်ကြီးလေးပါးရဲ့ သတ္တိတွေကို ခံစားသိရှိပြီး အနိစ္စချက် ဒုက္ခချက် အနတ္တချက်တွေ ကွက်ကွက် ကွင်း ကွင်း လင်းလင်းထင်ထင် ရှုမှတ်ဆင်ခြင်မိသည့် တစ်ပြိုင်နက် မခံစားချင်တဲ့ဒုက္ခကို သိနေကြရပြီပေါ့။

ကဲ ဒီတော့ ဒုက္ခဆိုတာက ဆင်းရဲခြင်း၊ သစ္စာဆိုတာက အမှန်တရား၊ နှစ်ခုကိုပေါင်းလိုက်တော့ ဆင်းရဲခြင်းအမှန်တရား၊ မြန်မာစကားပြေထွက်တယ်လေ၊ ပါဠိလို ဒုက္ခသစ္စာပေါ့။ အဲဒီလို ဆင်းရဲခြင်းအမှန်ကို စာသိ သညာသိမဟုတ်ဘဲ ခန္ဓာသိ ကိုယ်တွေ့သိ ဘာဝနာမယညာဏ် အသိ၊ ဒုက္ခသစ္စာကို သိနေကြရပါပြီပေါ့။

WWW.DHAMMARANSI.COM

နှင့် အာနဉ္ဇာဘိသခ်ၤရခေါ်တဲ့ စိတ္တ သခ်ၤရတို့ကိုလည်း ပြုလုပ်ကြတယ်။ အဲဒီသခ်ၤရတို့ရဲ့ အကြောင်းရင်းခံကြောင့် "သခ်ၤရပစ္စယာ ဝိညာဏံ" ဆိုတဲ့ အပိုဒ်အရ ဝိညာဉ်အကျိုးတရားဖြစ်ပေါ်လာပါတယ်။

တစ်ခါ ဝိညာဉ်အကြောင်းခံလိုက်ပြန်တော့ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့အပိုဒ်အရ နာမ်ရုပ်တို့ ပေါ်လာတာပေါ့။ အဲဒီနာမ်ရုပ်ကိုမှ ရုပ်တရားရဲ့ ဖောက်ပြန်ချက်ကို နာမ်တရားက ခံစားမှတ်သားပြုပြင် ဆင်ခြင်ခြင်းစတဲ့ သိခြင်းကိစ္စကြောင့် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကိုသိရပြန်လို့။

သမုဒယသစ္စာ

အဲဒီလို ရုပ်နာမ်၊ ဒုက္ခသစ္စာကို ရှုပွားရင်း သဘောပေါက်လာတော့ ဉာဏ်အမြင်ရှင်းလာတော့ ဒီရုပ်နာမ်ကို ဘဝများစွာကလည်း တွယ်တာမက်မောလာခဲ့ကြတဲ့ သမုဒယသစ္စာဗျ။

ဒုက္ခ–သမုဒယ ကျိုးကြောင်းပြ

ယခုဘဝမှာလည်း အမေမွေးကတည်းက တွယ်တာ မက်မောလာခဲ့ကြတာလေ။ ယခုလိုဝိပဿနာ ဘာဝနာကို တိကျမှန်ကန်စွာ ပွားများအားထုတ်လိုက်တဲ့ အချိန်ကျ တော့မှ တွယ်တာစရာမဟုတ်ဘဲ၊ ပယ်ခွာစရာ နာမ်ရုပ်ရယ်လို့ ဉာဏ်အဟုတ် တကယ်သိကြပြီပေါ့။ ယခင် ယခင်က နာမ်နှင့်ရုပ်က ဒုက္ခ မကောင်းပါဘူးလို့ ပြပြနေသော်လည်း အဝိဇ္ဇာထုကြီးက ဖိစီးထားလေတော့ မသိနိုင်ကြ မမြင်ကြပါဘူး။

အများနားလည်လွယ်အောင် ပြောရရင်တော့ အိပ်ရာကထတယ်ဆိုရင်ပဲ အပုပ်ကောင်ကြီးပါလို့ ထင်ရှားအောင် မျက်ချေးတွေ အာပုပ်ရည်တွေနှင့် ညစ်ပတ်ပေရေနေတာ မျက်နှာပေါ်ဖော်ပြနေသော်လည်း မသိနိုင်ကြဘဲနှင့် သွားတိုက်ဆေးတွေ ဆပ်ပြာမွှေးတွေနှင့် အတင်းပြုပြင်ခြယ် လှယ်ပေးပြီးတော့ အမျိုးသမီးတွေဆိုရင် သနပ်ခါး၊ ပေါင်ဒါ၊ မိတ်ကပ်၊ နှုတ်ခမ်းဆိုးဆေးတွေနှင့် ပြုပြင်ပေးပြီး အတင်းတွယ်တာမက်မောခဲ့ကြတာပေါ့။ မှန်ရှေ့ကမခွာရက်နိုင် အောင်ပြင်လို့မဝ

WWW.DHAMMARANSI.COM

ရှုလို့မဆုံးအောင် မက်မောခဲ့ကြတယ်။ တစ်ချို့ အမျိုးသမီးများဆိုရင် ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ခြေဆုံး ခေါင်းဆုံး ရှုမဆုံးကြည့်မဆုံးနှင့် ရှေ့မှန်နောက်မှန်တွေနဲ့ ရှေ့ရောနောက်ပါ မြင်အောင်ကြည့်ပြီး ပီတိတွေနှင့် မက်မောခဲ့ကြပါတယ်။

မျက်နှာသစ် ဖြူးလိမ်းပြီး တအောင့်လောက်ကြာရင်ပဲ ဆာလှပါပြီ၊ လောင်လှပါပြီ၊ စားချင်တဲ့ ဒုက္ခကိုပြတော့တာပါပဲ၊ ဒါပေမယ့် ဒုက္ခမှန်းမသိကြပါဘူး။ မသိတဲ့အပြင် အချဉ်ကြိုက်ရင် အချဉ်ကိုကျွေး၊ အချိုကိုကြိုက်ရင် အချိုကိုကျွေး၊ အငါးကြိုက်ရင် အငါးကိုကျွေး စသည်အားဖြင့် စား ဒုက္ခကို ကျေနပ်အောင် ဆောင်ရွက်ပေးကြရပြီး နံနက် (၁၀း၀၀) နာရီ (၁၁း၀၀) နာရီလောက်ကျပြန်တော့ စားချင်တဲ့ ဒုက္ခပြပြန်တာပဲ၊ အဲဒီတော့ ဒုက္ခမှန်းမသိဘူး၊ စားပေးရပြန်ပါတယ်။

နောက်ပြီး ရေချိုးချင်တဲ့ဒုက္ခတွေ၊ အဝတ်အစားလဲချင်တဲ့ဒုက္ခတွေ၊ အမွှေးနံ့သာတွေ လိမ်းချင်တဲ့ ဒုက္ခတွေ ကြည့်ချင်တဲ့ဒုက္ခတွေ၊ သွားချင်တဲ့ အိပ်ချင်တဲ့ စသည်အားဖြင့် ပြောမဆုံးအောင် တဏှာ၊ မာန၊ ဒိဋ္ဌိတွေနှင့် တွဲဖက်နေတဲ့ ဒုက္ခတွေမှန်သမျှ အနန္တတို့ကို

အလိုလိုက် အကြိုက်ဆောင်ခဲ့ကြတာ။

ယခုမှဘဲ "ကျောချမှ မားပြမှန်းသိရတော့တယ်"ဆို တဲ့စကားလို ဘာဝနာမယဉာဏ်စခန်းဝင်လိုက်မှ ဒုက္ခသစ္စာပါလားလို့ သိကြရတဲ့အပြင် ယခင်ကတွယ်တာခဲ့တဲ့ ရုပ်နာမ်ဟာ ပယ်ခွာစရာပါလားလို့ ထင်ထင်ရှားရှား သိနေကြရပါပြီ။

တွယ်တာခဲ့တဲ့ သမုဒယကိစ္စ အမှန်သစ္စာကြောင့် တစ်နည်း သမုဒယသစ္စာအကြောင်းခံကြောင့် ဒုက္ခသစ္စာ အကျိုးတရားတွေ ရုပ်နာမ်မှာ သိမြင်ခံစားရှုပွားနေရ ပါလားလို့ သစ္စာနှစ်ပါးကိုထင်ရှားစွာ သိမြင်နေကြရပါဟယ်။

နိရောဓ သစ္စာ

အဲဒီအကျိုးတရား ဒုက္ခသစ္စာကို ပိုင်ပိုင်ကြီး သိမြင်နေတဲ့အချိန်မှာ ယောဂီတို့ရဲ့ စိတ်အစဉ်မှာ မြင်ချင်ကြည့်ချင်တဲ့ တဏှာဖြစ်တဲ့ ဗီဒီယို ရုပ်ရှင်ဇာတ်လမ်းတွေကို ကြည့်ချင်လိုက်တာဆိုတဲ့ စိတ်ဝင်စားမလာနိုင်တော့ပါဘူး။

ဘယ်တေးသီချင်း ဘယ်အသံလေး ကြားချင်

WWW.DHAMMARANSI.COM

ဇာတိနိရောဓာ ဇရာ၊ မရဏာ၊ သောကာ၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသာ နိရုဇ္ဈန္တိ- ဆိုတဲ့ အတိုင်း ကဒဂ် ပဟာန် နိရောဓသစ္စာဆိုက် နေပါတယ်။

မဂ္ဂ သစ္စာ

အဲဒီလို ဒုက္ခသစ္စာကိုသိခြင်း၊ သမုဒယသစ္စာကို ခေတ္တခဏမျှ ပယ်ခွါစရာလို့သိခြင်း၊

နိရောဓသစ္စာကို ခေတ္တခဏမျှ ဆိုက်ရောက်ခြင်းသည် ယခုကဲ့သို့ ဗုဒ္ဓလမ်းစဉ်အကျင့်မှန်ကို ကျင့်ကြံပွားများအားထုတ်မှသာလျှင် သစ္စာသုံးပါးကို သိမြင်နေကြရပါလားလို့ ဆက်လက်ကျင့်ပွားသင့်တဲ့ အကျင့်အမှန်တရားကို အားထုတ်ရတဲ့ လမ်းကြောင်းအမှန် မဂ္ဂသစ္စာအားဖြင့် သစ္စာလေးပါးကို မဂ်ဇောဖိုလ်ဇောကျတဲ့ ကိစ္စတိုင်အောင် မဆိုက်ရောက်သေးသော်လည်း တဒင်္ဂအားဖြင့် ဆိုက်ရောက်တဲ့ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ ရင့်ရင့်သန်သန်ကျင့်ကြံပွားများတဲ့ ယောဂီပုဂ္ဂိုလ်များ ဖြစ်နေကြရပါပြီ။

လိုက် တာဆိုတဲ့ ကြားတဏှာလည်း မလာနိုင်ပါဘူး။

ဘယ်ရေမွှေး၊ ဘယ်ပေါင်ဒါ၊ သနပ်ခါးစတဲ့ အနံ့ကောင်းတွေကို ရှုချင်ရှိုက်ချင်တဲ့ အနံ့တဏှာဖြစ်ခွင့် မရှိနိုင်ပါဘူး။

ဘယ်အစားအစာကို စားချင်လိုက်တာဆိုတဲ့ လျှာ တဏှာလည်း မလာနိုင်တဲ့အပြင် နူးညံ့ညက်ညော လှတဲ့ ပိုးဖဲကတ္တီပါအတွေ့အထိ ခံစားသာယာချင်တဲ့ တဏှာလည်း မကပ်နိုင်တော့ပါဘူး။

အမျိုးမျိုးအဖုံဖုံ အာရုံနှင့် ကြုံစည်စိတ်ကူးတွေလည်း ဘာမှ ကြုံစည်စိတ်ကူးမှုတွေ မကြုံစည်နိုင်အောင် အခွင့်မရအောင် ဒုက္ခသစ္စာ ခံစားရှုပွားချက်ကြောင့် ခြောက်ဒွါရက အမြဲလက်ခံနေခဲ့တဲ့ တဏှာတွေ ယခုရှုဆဲ တဒင်္ဂပဟာန်မှာ ချုပ်ငြိမ်းနေကြရပါပြီ။

တဏှာချုပ်ငြိမ်းခြင်းဟာ တဏှာနိရောဓောပေါ့။ ဟော .... တဏှာနိရောဓဆိုတော့ ပဋိစ္စသမုပ္ပါဒ် တရားလမ်းကြောင်းရ -

တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊

WWW.DHAMMARANSI.COM

ဝိပဿနာအလုပ်ဖြစ်တယ်၊ ကြပ်ကြပ်သတိထားပြီး ရှုပွားရမယ်၊ ယောဂီတို့ရေ . . . ဒေါသစိတ်မဖြစ်စေဘဲ ရုပ်နာမ် အပေါ်မှာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ တင်ထားရမယ်။

ဒေါသဖြစ်ရင် ငါစွဲကပ်လို့ ငါစွဲမကပ်ဖို့ ဥပမာ နှင့်ပြောရရင် လေ့လော်တဲ့သူဟာ လေ့ဦးကချည် ထားတဲ့ကြိုးမဖြုတ်ဘဲ ဘယ်လောက်ပဲ အားစိုက်ပြီးလော် လော် မောရုံသာရှိမယ်။ နည်းနည်းလေးမှ လေ့ဟာ ရှေ့ကို တက်မယ်မဟုတ်ဘူး။ အကယ်၍ လေ့ဦးကကြိုး ကိုဖြုတ်ပြီး တစ်ချက်လော်ရင် တစ်ချက်လော်သလောက် နှစ်ချက်လော်ရင် နှစ်ချက် လော်သလောက် ရှေ့ကိုတက် သွားမယ်ပေါ့။

သတိရွေ့ထား လက္ခဏာပွား

အဲဒီလိုပဲ ဝိပဿနာ ကမ္မဋ္ဌာန်းတရားပွားများ အားထုတ်တဲ့ ယောဂီတိုင်းမှာ ငါအစွဲများ ငါအမှတ်များ ငါ . . အယူများ သက္ကာယဒိဋ္ဌကြီးဖြုတ်ပြီး ငါ သူ လူမ ဟုတ် နာမ်နှင့်ရုပ်တို့ရဲ့ကိစ္စ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခ ဏာ၊ အနတ္တလက္ခဏာစသည်အားဖြင့် ရှုပွားမှသာ လေ့

လက္ခဏာသုံးပါး ရှုမှတ်ပွား

အဲဒီလိုရှုပွားခြင်းမှာ မခံမရပ်နိုင်အောင် အခြို့ ယောဂီများ ကြုံတွေ့ခံစားနေရတာကို ရုပ်ပရမတ် ဓာတ် တွေ ကြမ်းကြမ်းတမ်းတမ်း ဖောက်ပြန်လို့ နာမ်ပရမတ် တွေကလည်း ကြမ်းကြမ်းတမ်းတမ်း ခံစားမှတ်သား စေတဲ့ သူဝတ္ထုရားအရ ဆောင်ရွက်နေကြတဲ့ ရုပ်နာမ်ရဲ့ ကိစ္စ သက်သက်မျှသာလို့ ရုပ် နာမ်အပေါ်မှာလွှဲပုံချပြီး ဒုက္ခနှင့်ဖြစ်စေ၊ အနတ္တနှင့်ဖြစ်စေ၊ လက္ခဏာတွေ တင် ထားရှုထားရမယ်။

အဲဒီလို နုနယ်တဲ့ တရုဏဝိပဿနာအဆင့်မှ ရင့်သန်တဲ့ ဗလဝဝိပဿနာအဆင့်ထိအောင် မြင့်တက် ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် နီးစပ်သွားမှာပေါ့။

ငါကိုဖြုတ်ထားကြပါ

ငါနာတယ်၊ ငါကျင်တယ်၊ ငါကိုက်ခဲတယ်ဆိုရင် သက္ကာယဒိဋ္ဌတန်းလန်းကြီးနှင့် ဝိပဿနာရှုပွားနေတယ် ဆိုတော့ မပြီးမြောက်ဘူး၊ ငါစွဲဖြုတ်ရမယ့် အလုပ်ဖြစ်လို့ ရုပ် နာမ်တို့ရဲ့ ဖောက်ပြန်မှုတွေ ခံစားမှုတွေဟာ ဆင်းရဲ ပါလား၊ အစိုးမရပါလားလို့ ဆင်ခြင်မှသာ ငါစွဲပြုတ်တဲ့

WWW.DHAMMARANSI.COM

လော်တိုင်း တက်သလို ဝိပဿနာဉာဏ်စဉ်တက်မှာကို သတိမလွတ်စေဘဲ ဆရာသမားရဲ့ မှာကြားချက်ကို အလေးအနက်ထားပြီး ရှုပွားကြရမယ်။

ဝေဒနာဆိုတာ

ယောဂီတို့ရေ . .

အခုလိုအချိန်မျိုးမှာ အချို့ယောဂီတွေ ဝေဒနာမခံ မရပ်နိုင်အောင် ခံစားနေရပြီး တစ်ချို့ယောဂီများ ခံစားမှုတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းပြီးခံစားနေကြလိမ့်မယ်၊ အချို့ယောဂီတွေမှာတော့ သက်သာတဲ့ သုခဝေဒနာနှင့် တွေ့နေရပေလိမ့်မယ်၊ ဘာကြောင့်လည်းဆိုတော့ တစ်ဦးနှင့်တစ်ဦး ဖောက်ပြန်မှုတွေ သဘောမတူရုံမကဘဲ တစ်ဦးတည်းမှာပင်လျှင် တစ်နေရာနှင့် တစ်နေရာ ဖောက်ပြန်မှုကမတူညီကြဘဲကိုး။ အချို့ယောဂီများ သက်သာလိုက် ပြင်းထန်လိုက်နှင့် ခံစားနေရလိမ့်မယ်။ ဒီတော့ ဝေဒနာလည်းမမြဲပါလားလို့ ဝေဒနာအပေါ်မှာ ဒုက္ခတင်မကဘဲနှင့် အနိစ္စ လက္ခဏာကိုပါ ဆင်ခြင်လို့ရတာပေါ့။

လောကမှာ အတက်ရှိရင် အဆင်းရှိတယ်၊ အသွား ရှိရင် အပြန်ရှိတယ်ဆိုတဲ့ စကားလိုပေါ့။ အချို့ယောဂီများ ဝေဒနာသိပ်ပြင်းထန်နေရင် စိတ်ရှည် ဇွဲသန်သည်းခံ၍ ကျင့်ကြံအားထုတ်၊ တကယ်လုပ် အဟုတ်သိတဲ့ ပုဒ္ဓတရားလို့ ဆရာခဏခဏမှာကြားထားတဲ့အတိုင်း စိတ်ရှည်ရှည် ဇွဲသန်သန်နှင့်သည်းခံပြီး ဒုက္ခ ဒုက္ခလို့ ရှုပွားနေရင် တဖြည်းဖြည်းသက်သာ၍ဖြစ်စေ၊ ချက်ချင်းပဲ ယူပစ်သလိုဖြစ်စေ ပျောက်ကင်းတဲ့ အဖြစ်မျိုးကို တွေ့ကြုံနိုင်ပါတယ်။

အဲဒီနေရာမှာ ဝေဒနာအကြောင်း နားလည်အောင် နည်းနည်းအသေးစိတ်ပြောပြမယ်၊ သေသေချာချာ မှတ်ထားလိုက်စမ်းပါ။

"ဝေဒနာ"ဆိုတာပါဠိစကား၊ မြန်မာလို "ခံစားတာ" ခံစားမှုဟာ အမျိုးမျိုးရှိတယ်။ ဒေသနာအစဉ်နှင့် အကျဉ်းဆုံးပြောပြမယ်။ ခံစားလို့ကောင်းတာ၊ ခံစားလို့မကောင်းတာ။ ခံစားလို့ကောင်းသည်လည်းမဟုတ်၊ မကောင်းသည်လည်း မဟုတ်တာ၊ ပါဠိလို - သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ခေါ်ပါတယ်။

ယောဂီများ လူအများ အသိအမှတ်ပြုနေတာ

WWW.DHAMMARANSI.COM

ရှုမှတ်ကြတဲ့ အန်ခေါင့်ဆိုတာ က အောင့်ခံလို့ ပြောတာ၊ အေး . . ဒါကြောင့် အောင့်ခံပြီး ရှုပွားကြပေါ့။

စွန်းလွန်းဆရာတော်ဩဝါဒ

နောက်ပြီးမြင်းခြံမြို့ စွန်းလွန်းဆရာတော် ဘုရားကြီးကလည်း "မခံသာ၊ မှန်ပါ၏သည်တရား၊ ခံသာလျှင် သံသရာကျော်မှာ မျှော်လိမ့်အများ" ယခုရှုပွားနေဆဲကာလ မခံသာတဲ့ဒုက္ခသစ္စာကို တွေ့နေကြရပြီမို့ တရားစစ်တရားမှန်ပါလို့ မိန့်တော်မူတဲ့အပြင် ခံသာအောင် သက်သာအောင်နေကြလျှင်ဖြင့်, တစ်နည်း-သစ္စာမသိဘဲ မောဟနှင့်နေကြရင် သံသရာ မဆုံးအောင် မျော်ကြလိမ့်မယ်တဲ့၊ "သံသရာကျော်မှာ မျော်လိမ့်အများ"။

သစ္စာ အဓိက

ယောဂီတို့ရေ သံသရာဆိုတာကလည်း မရေမတွက်နိုင်အောင် ဘဝများစွာရရှိခဲ့ကြတာကို ဆိုလိုပါတယ်။ အဲဒီတော့ ပဋိသန္ဓေ၊ အို၊ နာ၊ သေများစွာသော ဘဝတွေက ကင်းလွတ်ချင်ရင် သစ္စာသိမြင်အောင် ကျင့်

က ခံစားလို့မကောင်းတဲ့ ဒုက္ခကိုမှ ဝေဒနာလို့ ယူဆကြပြီး ဝေဒနာဆုံးအောင်လိုက်ရမယ်ဆိုပြီး ပြောဆိုနေကြတယ်၊ လူသေရင် ဝေဒနာဆုံးမှာပေါ့၊ မသေမချင်း ဝေဒနာမဆုံးပါဘူး။

အထက်ကပြောခဲ့တဲ့အတိုင်း ဝေဒနာသုံးမျိုးမှာ လှည့်ပြီးခံစားနေကြရမှာပါ။ ဒုက္ခဝေဒနာပြီးလို့ သုခဝေဒနာဖြစ်စေ၊ ဥပေက္ခာဝေဒနာဖြစ်စေ ဆိုက်ရောက်နေတဲ့ကာလကို ဝေဒနာဆုံးတယ်လို့ အယူအဆလွဲမှား နေကြတာပါ။ ဒါကြောင့် ဝေဒနာသုံးမျိုးရှိပုံကိုလည်း ဒေသနာအစဉ်အတိုင်း ရှိမရှိကို ခန္ဓာကိုယ်တွေ့သိအောင် ကျင့်ပွား ကြိုးစားကြပေါ့။

သဲအင်းဂူဆရာတော်ဩဝါဒ

မှတ်သားလောက်အောင် ဆရာတော်ကြီးများရဲ့ ဩဝါဒကိုလည်း ထည့်သွင်းဟောကြားပေးလိုက်ဦးမယ် - ငါ နာတယ်၊ ငါ ကျင်တယ်၊ ငါ ကိုက်ခဲတယ်မလုပ်ရအောင် သဲအင်းဂူဆရာတော်ဘုရားကြီးက "လိန်ခံ ပိန်ခံ အန်ခေါင့်" လို့ မိန့်ကြားတော်မူခဲ့ဖူးတယ်။ ပါဠိစကား မဟုတ်ပါဘူး။ ယောဂီတို့ရဲ့ လိန်ပိန်ပြီးခံကြ

WWW.DHAMMARANSI.COM

ကြရမယ်။ ဘုရားကိုယ်တော်မြတ်ကြီးကလည်း ပဉ္စဝဂ္ဂိ
ငါးဦးတို့ကို ငါဟာ အရင်တုန်းက ဘုရားဖြစ်ပြီလို့ သင်တို့
ကို ဝန်မခံခဲ့ပါဘူးတဲ့၊ ယခုတော့ အဂ်ါရှစ်တန် အကျင့်
မှန်ကို ကျင့်ကြံရလို့သစ္စာလေးပါး သိမြင်တော့မှ ဘုရား
ဖြစ်ပြီလို့ ဝန်ခံတာပါတဲ့။ ဒီမိန့်ကြားချက်အရဆိုရင်
သစ္စာလေးပါးသိမြင်ဖို့ အဓိကဆိုတာ လယ်ပြင်မှာ ဆင်
သွားသလို ထင်ရှားတဲ့ အထောက်အထားပေါ့။ မြတ်စွာ
ဘုရားသခင်ကိုယ်တော်တိုင် သစ္စာလေးပါးနှင့် ပတ်
သက်လို့ အလွန်သိသာထင်ရှားတဲ့ သာဓကယုတ္တိ ဟော
ကြားတော်မူချက်ကို ဖြည့်စွက်ပြီး ဟောပေးလိုက်ဦးမယ်။

ဘဒ္ဒြက၏ကိုယ်တွေ့သစ္စာ

မြတ်စွာဘုရားသခင် ဥရုဝေလနိဂုံးရွာကြီးမှာ
သီတင်းသုံးစဉ်အခါမှာ ထိုရွာသူကြီးဘဒ္ဒြကဆိုသူက
ဘုရားရှင်ထံချဉ်းကပ်ပြီး "မြတ်စွာဘုရား တပည့်တော်
အား ဆင်းရဲခြင်းဖြစ်ကြောင်း အခြေခံတရားနှင့် ဆင်းရဲ
ချုပ်ငြိမ်းကြောင်းကို လွယ်လွယ်နှင့်သိနိုင်အောင် ဟော
ကြားတော်မူပါဘုရား"လို့ လျှောက်ထားတောင်းပန်
သတဲ့။

အဲဒီအခါမှာ ဘုရားသခင်က အေးအေး . .
ဘဒ္ဒြက သင်သိလိုတဲ့ ဆင်းရဲခြင်းအကြောင်းတရားနှင့်
ဆင်းရဲချုပ်ငြိမ်းကြောင်းတရားကို အလွယ်ဆုံး အရှင်း
ဆုံးနှင့် သင်နားလည်အောင်ငါဟောပြမယ်။ ငါမေးတာ
ကိုသင်က မှန်ကန်စွာဖြေဆိုရမယ်လို့ သစ္စာလေးပါးကို
အမေးအဖြေနှင့်ဟောကြားတော်မူဖို့ရန် နိဒါန်းပျိုး
တော်မူလိုက်တယ်။ ရွာသူကြီး ဘဒ္ဒြကလည်း"ကောင်းပါ
ပြီအရှင်ဘုရား"လို့ လျှောက်ထားတဲ့အခါ သင်ရဲ့ရွာမှာ
ရွာသူရွာသားအချို့ မင်းဘေး မင်းဒဏ်သင့်၍သော်
လည်းကောင်း၊ ရေဘေး၊ မီးဘေးစသည်တို့ဖြင့် သော်
လည်ကောင်းတွေ့ကြုံရတဲ့အခါ သင့်ရဲ့စိတ်ထိခိုက်မှုဖြစ်
ဖူးပါသလားလို့မေးတဲ့အခါ အချို့ပုဂ္ဂိုလ်အတွက် စိတ်ထိ
ခိုက်မှုဖြစ်ပြီးတော့ အချို့ပုဂ္ဂိုလ်များအတွက် စိတ်ထိခိုက်
မှုမဖြစ်ရပါ။

အဲဒီအခါဘုရားရှင်က အချို့ပုဂ္ဂိုလ်မှာ စိတ်ထိ
ခိုက်မှုဖြစ်ပြီး အချို့ပုဂ္ဂိုလ်တွေမှာ စိတ်ထိခိုက်မှု မဖြစ်ရ
ပါဘူးလို့ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကွာခြားလို့ အဖြေနှစ်ခု
ကွာခြားတာလဲလို့ ထပ်ပြီးမေးလိုက်ပြန်တော့ တပည့်
တော်နှင့် ခင်မင် ရင်းနှီးသူတွေ့ ဆွေမျိုးတော်စပ်သူများ

WWW.DHAMMARANSI.COM

ပူဆွေးမှုဖြစ်ဖူးသလား”လို့ မေးပြန်တော့ သူနှင့်မညား ခင်က မပူဆွေးရပါဘူးဘုရား၊ ယခုသူနှင့်ပေါင်းသင်း ဆက်ဆံမိမှ ပူဆွေးရပါတယ် ဘုရားလို့ ဖြေကြားတဲ့အခါ

“အေးအေး ဇနီးမယားနဲ့ မပေါင်းသင်းမီက မပူဆွေးရဘဲ ခင်မင်ပေါင်းသင်းမှ ပူဆွေးရတယ်ဆိုတော့ ခင်မင်တွယ်တာမှုသည်သာလျှင် ဆင်းရဲခြင်းရဲ့ အကြောင်းရင်းတရားလို့ မြဲမြံမှတ်ထားပြီး ခင်မင်တွယ်တာမှု ချုပ်ငြိမ်းကြောင်း မဂ္ဂသစ္စာတရားကို ပွားများအားထုတ်ရင်ဖြင့် ဆင်းရဲချုပ်ကြောင်း နိရောဓသစ္စာဆိုက်ရောက်နိုင်တယ်”လို့ ဘဒြကကို သူသိချင်တဲ့ဆင်းရဲခြင်းအကြောင်းနှင့် ဆင်းရဲ ချုပ်ငြိမ်းကြောင်းမေးခွန်းနှစ်ခုကို ပြည့်စုံအောင်သာဓကနှင့် ဟောကြားလိုက်တာ သစ္စာလေးပါးဆိုက်အောင် ဟောကြားပြီးသားဖြစ်သွားပါတယ်။

ဘဒြကလည်း သဘောကျနှစ်သက်ပြီးတော့“ အရှင်ဘုရား ဟောကြားတော်မူတဲ့တရားတော်ဟာ တပည့်တော်ရဲ့ကိုယ်တွေ့ကို အမေးပုစ္ဆာလုပ်ကာ မေးတဲ့အတွက် အလွန်ပဲကောင်းပါတယ်ဘုရား၊ မှန်ကန်လှပါတယ်ဘုရား၊ တပည့်တော်ရဲ့ ခင်မင်တွယ်တာမှု

အတွက် စိတ်ထိခိုက်မှုဖြစ်ပြီး ပူဆွေးမှုဖြစ်ပြီး တပည့်တော်နှင့် ခင်မင်ရင်းနှီးမှုမရှိသူများနှင့် ဆွေမျိုးမတော်စပ်သူများအတွက် စိတ်ထိခိုက်မှု ပူဆွေးမှုမဖြစ်ပါဘူးဘုရားလို့ ဖြေကြားတဲ့အခါ- အေးအေး . . ဟုတ်တယ် ဟုတ်တယ် သင်နှင့်ခင်မင် တွယ်တာသူများ ဒုက္ခတွေ့ရင် သင့်မှာပူဆွေးမှုရှိတယ်။ သင်နဲ့မခင်မင်၊ ဆွေမျိုး မတော်စပ်သူများအတွက်သင့်မှာ ပူဆွေးမှုမရှိဘူးလို့ သင့်ရဲ့ဖြေကြားချက်ဟာ ဒုက္ခရောက်ကြောင်း ဖြေပြီးသားဖြစ်နေပြီ။ အဲဒီတော့ ခင်မင်မှု တွယ်တာမှုဟာ ဆင်းရဲခြင်းရဲ့အကြောင်းရင်းခံပဲတဲ့၊ ပိုမိုထင်ရှားအောင် ထပ်ပြီးမေးဦးမယ် ဖြေဦးကွယ်တဲ့။

“သင့်ရဲ့ဇနီးမယား သေလုမျောပါးဖြစ်နေရင် သင့်စိတ်မှာ ဘယ်လိုဖြစ်နေသလဲ”လို့ ဘုရားရှင်က ထပ်ပြီးမေးမြန်းတော်မူတော့ ရွာသူကြီးကလည်း “သူခံစားနေရတဲ့ရောဂါကို တပည့်တော်သာ ခံစားလိုက်ချင်ပြီး သေများ သေသွားမလားလို့တွေးပြီး ပူဆွေးမိပါတယ်ဘုရား” လို့ဖြေ ကြားလိုက်တော့-

“အေးအေး ဟုတ်ပြီ၊ သင်နှင့်သူနှင့် မေတ္တာမမျှခင်က သူ့အိမ်မှာသူဖျားနေတုန်းကတော့ သင်အဲဒီလို

WWW.DHAMMARANSI.COM

ကောယနော မင္ဂါ

ကဲ. . . .ယောဂီအပေါင်း သူတော်ကောင်းတို့ လည်းဘဲ သစ္စာလေးပါးတည်းဟူသော ဆင်းရဲခြင်း အမှန်ဖြစ်တဲ့ ဒုက္ခသစ္စာကိုယ်တွေ့ကျင့်ပွား သိရှိကြလို့ ဆင်းရဲခြင်းရဲ့ အကြောင်းရင်းခံတွယ်တာခဲ့ကြတဲ့ သမုဒယသစ္စာကို ပယ်ခွာရမှာပါလားလို့ သိကြပြီးတော့ ကျင့်ဆဲခေတ္တ တဒင်္ဂပဟာန်မျှ တဏှာနှင့်တကွ နောက်ဆက်တွဲတွေ ချုပ်ငြိမ်းတဲ့ နိရောဓသစ္စာကို ခေတ္တခဏ ဆိုက်ရောက်ကြရတာမို့ မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ဤဝိပဿနာလမ်းကြောင်း ကောယနောမင္ဂါတည်းဟူသောမဂ္ဂသစ္စာကို ဆက်လက်ကာ နေ့စဉ်ပွား များကြ ကုန်လျက် ကျင့်ပွားကြတာနှင့်အညီ ဟောကြား ခဲ့သော ဒေသနာကို နိဂုံးချုပ်လိုက်တော့-

ဒုက္ခသစ္စာကိုစာသိ သညာသိမဟုတ်ဘဲ ဘာဝနာမယညာဏ်ဖြင့်သိခြင်း ယခင်ကတွယ်တာခဲ့သမျှ ရုပ်နာမ်ကို အဟုတ်အမှန်ပယ်ခွာစရာလို့သိခြင်း၊ ခေတ္တခဏမျှ တဏှာချုပ်ငြိမ်းသဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ဥပါဒါန်မှအစ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏာ၊

ကြောင့် ဆင်းရဲခြင်းနောက်ဆက်တွဲလည်း ဆက်ပြီး လျော့ကြေကွယ်ပျောက်ကြရစေဘုရား”လို့ တောင်း ပန်လျှောက်ထားပါရစေဘုရား”လို့ တောင်း ပန်လျှောက်ထားသတဲ့။

သူရဲ့လျှောက်ထားလိုက်ပုံက “တပည့်တော်မှာ စိရဝါသီအမည်ရှိတဲ့သားလေး တစ်ယောက်ရထား ပါတယ် ဘုရား၊ အဲဒီသားလေးဟာ ရွာပြင်မှာရှိတဲ့ စာသင်ကျောင်းကို သွားတဲ့အချိန်ကစပြီးသူပြန်မလာ မချင်း တပည့်တော်ရဲ့ စိတ်ဟာ မအေးနိုင်ဘဲ သားလေး အိမ်ပြန်ရောက်မှပဲ သား အပူအေးရပါတော့တယ် ဘုရား၊ ဒါကြောင့်အရှင်ဘုရား ဟောကြားတော်မူတဲ့ စွဲလမ်းခြင်းသမုဒယသစ္စာဟာ ဆင်းရဲမှုဖြစ်ရန် အကြောင်း အမှန်တရားမို့ သူ့ကြောင့်ဖြစ်ရတဲ့ ဆင်းရဲမှု အမှန် ဒုက္ခသစ္စာကို သိမြင်လျှက် ဆင်းရဲချုပ်ငြိမ်းကြောင်း နိရောဓသစ္စာဆိုက်အောင် သက္ကာယဒိဋ္ဌိအစွဲများ ပယ်ခွာရန်မဂ္ဂသစ္စာကို ပွားများ အားထုတ်ပါ မယ်ဘုရား”လို့ လျှောက်ထားသတဲ့။

WWW.DHAMMARANSI.COM

မရွေးလေးပါး

အ . အာ . ကြ . နေ

မရွေးပေး

လေးထွေကျင့်ကြနော်။

ယောဂီတို့ . . .

အခြိန်အခါမရွေး ၊ နေရာမရွေး

ပွားများအားထုတ် ဆင်ခြင်ကြပါ။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ ခေတ္တခဏာ နိရောဓသစ္စာ ဆိုက်ရောက်ပါသဖြင့် ဆက်လက်ကျင့်ပွားရန် လမ်းကြောင်းအမှန် မဂ္ဂသစ္စာ စသည့် သီ, ပယ်, ဆိုက်, ပွားလေးပါးဓမ္မ အပိုင်ရကြကာယခုဘဝ၌ပင်လျှင် သောတာပန် သကဒါဂါမ် အနာဂါမ်မှ ရဟန္တာအထိ ရနိုင်ကြ ရောက်နိုင်ကြသော ပုဂ္ဂိုလ်များအသီးသီး ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

⊙ ⊙ ⊙ ⊙ ⊙

WWW.DHAMMARANSI.COM

မရွေးလေးပါး

ယောဂီတို့ . . .

အချိန်အခါမရွေး၊ နေရာမရွေး

အာရုံမရွေး၊ ဣရိယာပုထ်မရွေး

ပွားများအားထုတ် ဆင်ခြင်ကြပါ။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ဗုဒ္ဓသာသနံ - သိစရာမှန်သမျှ မကျန်ရအောင် လုံးဝကင်းစင် အကုန်သိမြင်တော်မူသည့် မြတ်ဗုဒ္ဓပရမေအရှင်၏ လေးအင်သစ္စာ ရှစ်ဖြာမဂ္ဂင် စင်ကြယ်ပါလှ ဓမ္မအစဉ်သည်၊

စိရံ - သိန်းသန်းကုဋ္ဌေ နှစ်တွေများမြောင် ရှည်ကြာအောင်ပင်၊

တိဋ္ဌတု - ဟောသူ ပြောသူ ပို့ချသူနှင့် နာသူ ကြားသူ ကျင့်ပွားသူတို့ ဝှမ်းဆူအနှံ့ ကမ္ဘာပြန့်အောင် ထွန်းပြောင်ထိန်ဝင်း တလင်းလင်းဖြာ တည်တံ့တော်မူပါစေသတည်း။

WWW.DHAMMARANSI.COM